# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော်(၁၂)ရက် ၊ ကြာသပတေးနေ့ ၊ (24-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

### နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိ ပြိုကျပျက်စီးမှုများသည့် အဆောက်အအုံ A အဆောင်နှင့် B အဆောင်နေရာများတွင် တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၂၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့


ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀




ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သလောက် ကူညီဆောင်ရွက်ပေးနေပါသည်။

ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# တိုင်းပြည်အတွက် အဖိုးထိုက်သော သားကောင်းသမီးရတနာများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဟူသည့်အချက်ကို လူမှုရေးဦးတည်ချက်၌ ချမှတ်ထားပြီး အနာဂတ်နိုင်ငံတော်အရေးကို မျှော်မှန်းဖော်ဆောင်လျက်ရှိသည်။ ပညာပြည့်ဝနှလုံးလှသည့်လူငယ်များ၏အားသည် နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေသည်ဖြစ်ရာ တပ်မတော်အနေဖြင့်လည်း အနာဂတ်လူငယ်များ မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ်၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ရန်အတွက် နွေရာသီ၌ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ယခုနွေရာသီကျောင်းပိတ်ရက်ရှည်ကာလအတွင်း နိုင်ငံ့အနာဂတ် လူငယ်မောင်မယ်များ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကိုလေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း၊ တပ်မတော်(လေ)က အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယခုဖွင့်လှစ်သည့် ရေကြောင်းနှင့်လေကြောင်း လူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများတွင် ရေကြောင်း၊ လေကြောင်းပညာသမိုင်း၊ ရေယာဉ်၊ လေယာဉ်ကိုယ်ထည်တည်ဆောက်မှုဆိုင်ရာများ၊ ရေယာဉ်၊ လေယာဉ်တို့၏ စက်ကိရိယာအစိတ်အပိုင်းများ၊ ရေဒီယိုရေဒါဆိုင်ရာ ဘာသာရပ်နှင့် သီးခြားတတ်သိမှတ်သားစရာ ဘာသာရပ်များအပြင် ရေယာဉ်၊ လေယာဉ်များ မောင်းနှင်ပျံသန်းရေးဆိုင်ရာ ပညာရပ်များနှင့် တပ်မတော်သမိုင်း စသည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် မိုင်ပေါင်း ၁၂၀၀ ရှည်လျားသည့် ပင်လယ်ပြင်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသကဲ့သို့ ပထဝီအနေအထားအရလည်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ ရေပြင်၊ ဝေဟင်ပိုင်နက်များကို ပိုင်နိုင်စွာ စိုးမိုးထားရန်လိုအပ်ပြီး ထိုသို့ဆောင်ရွက်နိုင်မှသာ ကာကွယ်ရေးစွမ်းအား အပြည့်အဝရရှိခြင်းနှင့်အတူ တိုင်းပြည်၏အချုပ်အခြာအာဏာကို ကာကွယ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်ကိုကာကွယ်သွားမည့် အနာဂတ်မျိုးဆက်သစ်လူငယ်များတွင် ငယ်ရွယ်စဉ်ကပင် ရေကြောင်း၊ လေကြောင်းဆိုင်ရာ ကာကွယ်ရေးပညာများ အခြေခံကျကျ တတ်မြောက်ထားသင့်သည့်အတွက် ယခုရေကြောင်း၊ လေကြောင်းပညာရပ်များကို အပတ်တကုတ်ဆည်းပူးလေ့လာထားသင့်သည်။ သို့မှသာ တိုင်းပြည်နှင့်လူမျိုးအတွက် ကျရာတာဝန်များကို ဦးလည်မသုန် ထမ်းရွက်နိုင်ပြီး အခြေအနေအရပ်ရပ်အပေါ်တွင်လည်း ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖြေရှင်းနိုင်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ယခုနွေရာသီအားလပ်ရက်များကို အကျိုးမဲ့မဖြစ်စေဘဲ တပ်မတော်ကဖွင့်လှစ်သည့် ရေကြောင်းနှင့်လေကြောင်း လူငယ်သင်တန်းအသီးသီးသို့ တက်ရောက်ကြခြင်းသည် အနာဂတ်ခရီးလျှောက်လှမ်းရာတွင် များစွာတန်ဖိုးရှိနေမည်ဖြစ်ပါသည်။ နေရာအသီးသီးမှ ယခုသင်တန်းတွင် လာရောက်ဆုံတွေ့ကြရသည့်အတွက် တိုင်းရင်းသားညီရင်းအစ်ကိုမောင်ရင်းနှမများ အချင်းချင်းချစ်ခင်ရင်းနှီးမှုများ မလွဲမသွေဖြစ်ပေါ်လာမည်ဖြစ်သည်။ ထိုသို့ စည်းလုံးချစ်ကြည်မှုကိုအခြေတည်ပြီး နောင်တစ်ချိန်တွင် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို လက်တွဲညီညီ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်အတွက် အဖိုးထိုက်သော သားကောင်းသမီးရတနာများအဖြစ် ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိတ္ထီလာတောင်ကန်ပြုပြင်နေမှု ရမည်းသင်းခရိုင်အတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ဖယ်ရှားရှင်းလင်းနေမှု ကွင်းဆင်းကြည့်ရှု သံဃာတော်များအား ဆွမ်းဆန်နှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်း



**မန္တလေး ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဧပြီ ၂၂ ရက် နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိတ္ထီလာတောင်ကန်ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ရမည်းသင်းခရိုင်အတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု အခြေအနေများ ကွင်းဆင်းကြည့်ရှုပြီး ငလျင်ဘေးဒဏ်သင့်ခံခဲ့ရသည့် ဘုန်းတော်ကြီး ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ရှိမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိတ္ထီလာတောင်ကန်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက မိတ္ထီလာတောင်ကန် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ငလျင်၏သက်ရောက်မှုကြောင့် မိတ္ထီလာတောင်ကန်ပေါင် ထိခိုက်မှုအပေါ် စောင့်ကြည့်မှု၊ ပြန်လည်ပြုပြင်မြေဖို့မှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် လုပ်ငန်းများ အမြန်ဆုံးပြီးမြောက်ရေး အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရမည်းသင်းခရိုင် ရမည်းသင်းမြို့ လက်ဆည်ကန်ကျေးရွာရှိ ရန်ကြီးအောင်ကျောင်းတိုက်၊ ခေမာရာမရွှေမုဝံကျောင်းသို့သွားရောက်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အား ဖူးမြော်ပြီးနောက် ရမည်းသင်းခရိုင်အတွင်း ပျက်စီးဆုံးရှုံးမှုများနှင့် ဖယ်ရှားရှင်းလင်းနေမှု ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် မင်းလမ်း(တောင်) ကျေးရွာရှိ သာသနာ့ဝေပုလ္လကျောင်းသို့သွားရောက်ပြီး ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးအားဖူးမြော်၍ ငလျင်ဒဏ်သင့်ခံခဲ့ရသည့် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မန္တလေးငလျင်ကြီးကြောင့် မြေသားကွဲအက်ခဲ့မှုနှင့် ရွှေ့လျားခဲ့မှု၊ သာသနိကအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ထိခိုက်ပျက်စီးခဲ့မှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ကုန်စိမ်းဈေးကွက်၌ ဧပြီလပထမပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ခဝဲသီးတောင့် ၂၈၀၀၀ မှ ၄၀၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီးတောင့် ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဒီဘက်ကထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေကဝယ်ယူမှု အားကောင်းနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို ခဝဲသီးတောင့် ၂၈၀၀၀ ကနေ ၄၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ အခုလိုဒေသထွက် ခဝဲသီးတွေ ဝယ်ယူမှုအားကောင်းတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်" ဟု ဒေါ်ကေခိုင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ခဝဲသီးအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် တောင်သူများပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များ သာရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ကလေးဝ ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဖူးစားပြောင်း ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၁၆၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဖူးစားပြောင်းအဖူးရေ ၂၀၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ကလေးဝမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၃၁၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ဖူးစားပြောင်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၅၂၈ ကေထိ စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၅၂၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် နွေစပါးကေ ၁၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၂၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နွေစပါးကေ ၁၉၅၀ လျာထားစိုက်ပျိုးခဲ့တာမှာ ၁၅၂၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးထားပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နွေစပါးစိုက် တောင်သူများအနေဖြင့် တစ်ကေအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် မိုးသီးနှံများ ရိတ်သိမ်းအပြီး နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

စပါးသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ် တင်ပို့နိုင်မည်ဖြစ်ရာ စပါးသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ တင်တင်အေး ထိုးမုန့်၊ လမုန့် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ နှင့် ဆေးရုံတက်နေသော ဂိလာန သံဃာ၊ သီလရှင်များအတွက် လမုန့်နှင့် ပေါင်မုန့်များလှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းက လက်ခံရယူစဉ်။

# ဝမ်းတွင်းမြို့နယ် ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၄ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၄၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၈ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလ တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှု အားကောင်းလာခြင်းကြောင့် တင်ပို့အား ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ငါးမုတ်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချမှု အားကောင်းလာခဲ့ပါတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်း ငါးမုတ်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့မှု အားကောင်းလာတော့ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ငပုတောမြို့နယ်ကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချရတာ အစစအရာရာ အဆင်ပြေပါတယ်"ဟု ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်အပါအဝင် ဒေသရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျစစ်ဆေးသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ အဆိုပါ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ကျောက်ပုံကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု စစ်ဆေး

**သာစည် ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ညောင်ပင်သာကျေးရွာအုပ်စု ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ပုံကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၄၁ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၃ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၈ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# အင်းဝမြို့က တိမ်မြုပ်နေသော ရေနန်းတော်(အပိုင်း-၁)

ဗိုလ်ရှိတ်(ရတနာပူရ)



အင်းဝမြို့ဟောင်း ရေနန်းတော်ကို တွေ့မြင်ရစဉ်။

အင်းဝမြို့သည် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်အတွင်း၌ရှိသော သမိုင်းဝင်မြို့ဟောင်းတစ်မြို့ဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် အနီးဆုံးတွင်ရှိသော မြို့ဟောင်းတစ်မြို့ဖြစ်သောကြောင့် ခရီးလမ်းပန်းဆက်သွယ်သွားလာရန်ကောင်းမွန်သဖြင့် အင်းဝမြို့သည် ခရီးသွားဧည့်သည်များဖြင့် အမြဲစည်ကားနေသော မြို့ဟောင်းဖြစ်သည်။ အင်းဝမြို့ကိုလာရောက်ကြသူတိုင်း အင်းဝမြို့ဟောင်းရှိ သမိုင်းဝင်နေရာများဖြစ်သည့် ဗားကရာကျောင်း၊ မယ်နုအုတ်ကျောင်း၊ ဝက်ဘာစေတီ၊မြင်းမိုရ်တောင်စေတီ၊တောင်လေးလုံးစေတီ၊ မျှော်စင်၊ နန်းတော်ရာလေးထပ်ကြီး စသည့် သမိုင်းဝင်အဆောက်အအုံများကိုသိသူများကြသည်။ ထိုအဆောက်အအုံများသို့သာအဓိကထားပြီးလေ့လာကြသည်။ အင်းဝမြို့တွင် သိသူနည်း၍တိမ်မြုပ်နေသော သမိုင်းဝင်နေရာများစွာရှိပါသည်။ သာဓကအားဖြင့်ဆိုရလျှင် အင်းဝမြို့တွင်ရှိသော စလင်းမင်းသားဦးအို တည်ခဲ့သည့် မဟာဓမ္မပထ အုတ်တံတားကြီးကိုသိသူများသော်လည်း ထိုတံတားကဲ့သို့သော အုတ်တံတားများအင်းဝမြို့တွင် ရှိသေးသည်ကို သိသူနည်းကြသည်။ အင်းဝမြို့ဟောင်းတွင် ထိုသို့သိသူနည်း တိမ်မြုပ်နေသောနေရာများစွာရှိသည်။ ထိုသို့ တိမ်မြုပ်နေသောအဆောက်အအုံများတွင်ရေနန်းတော်နေရာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

**၂၀၂၅ ငလျင်နှင့်ရေနန်းတော်**

အင်းဝမြို့ဟောင်းတွင် ရေနန်းတော်ရှိကြောင်းကို နဂိုကသိသူနည်းခဲ့သည်။ ဒေသခံများပင်လျှင် ရေနန်းတော်ရှိမှန်းမသိခဲ့ချေ။ သမိုင်းနှံ့စပ်သူတချို့လောက်သာသိခဲ့ကြသည်။ ထိုသို့ သိသူနည်းခဲ့သော ရေနန်းတော်သည် ၂၀၂၅ ခုနှစ် မတ် ၂၈ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ရေနန်းတော်သည်သိသူများထင်ရှားခဲ့သည်။

ထိုငလျင်ကြောင့် အင်းဝမြို့ဟောင်းရှိ စေတီပုထိုးများ၊ ရှေးဟောင်းအဆောက်အအုံများ များစွာပျက်စီးခဲ့ပါသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကောက်ယူထားသောစာရင်းအရ အင်းဝမြို့ဟောင်းတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၉၆၁ ခုရှိရာ ငလျင်ကြောင့် ရှေးဟောင်းအဆောက်အအုံ ၆၀၀ တိတိ ပျက်စီးခဲ့သည်။ လွန်စွာနှမြောဖွယ်ကောင်းသောဆုံးရှုံးမှုဖြစ်သည်။ သိသူများထင်ရှားသည့် မယ်နုအုတ်ကျောင်းကြီးသည် မြောက်ဘက်တစ်ခြမ်းလုံးပြိုကျပျက်စီးခဲ့သည်။ ထုထည်ကြီးမားလှသည့် လေးထပ်ကျောင်းကြီးမှာလည်း အုတ်ပုံကြီးဘဝသို့ရောက်ခဲ့ရသည်။

ထိုသို့အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခြင်းများရှိခဲ့သလို ထိုငလျင်ကြောင့်မြေအောက်တိမ်မြုပ်နေသော ရှေးဟောင်းအဆောက်အအုံတချို့လည်း ပေါ်ထွက်လာခဲ့သည်။ မတ် ၂၈ ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် အင်းဝမြို့တွင် မြေလွှာအက်ကွဲကြောင်းကြီးများစွာဖြစ်ပေါ်ခဲ့ပြီး ထိုအက်ကွဲကြောင်းများမှ သမိုင်းဝင်ရေနန်းတော်နေရာကို တွေ့ရှိခဲ့သည်။ ငလျင်ဒဏ်ကြောင့်ဖြစ်ပေါ်လာသော အက်ကွဲကြောင်းများအတွင်းမှ ရေနန်းတော် သရက်ကင်းလှေကားကို အင်းဝမြို့မှ ဒေသခံတချို့က တွေ့ရှိခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်သို့ အများသိအောင်တင်လိုက်သဖြင့် လူမှုကွန်ရက်စာမျက်နှာတွင် ရေနန်းတော်အကြောင်းမှာသိသူများထင်ရှားသွားခဲ့သည်။ ရေနန်းတော်တွေ့သည်ဟူသောသတင်းကြောင့် ရေနန်းတော်နေရာသို့ လာရောက်ကြသူများ တစ်စတစ်စများပြားလာသည်။ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် ဖေ့ဘွတ်၊ တစ်တော့များမှ တစ်ဆင့် အင်းဝရေနန်းတော်သည် တိမ်မြုပ်နေရာမှ အသိများထင်ရှားလာခဲ့ပေသည်။

**သမိုင်းထဲက အင်းဝငလျင်**

မတ် ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ဖြစ်ပေါ်လာခဲ့သည့် အင်းဝမြို့အခြေအနေကို အင်းဝသားတစ်ဦးအနေဖြင့် မှတ်တမ်းတင်ပြချင်ပါသေးသည်။ ထိုငလျင်လှုပ်သည့်အချိန်က စာရေးသူသည် ဆိုင်ကယ်တစ်စီးဖြင့် အင်းဝမြို့တွင် သွားလာနေသည့်အချိန်ဖြစ်သည်။ ငလျင်ကြောင့် အင်းဝမြို့ စည်တိုပုံမြို့ရိုးအတွင်း သတိုးမင်းဖျားကြေးရုပ်တုကြီး၏အရှေ့ဘက်၊မြောက်ဘက်၊တောင်ဘက်တစ်ခွင်တွင် ပပ်ကြားအက်ကြီးများဖြစ်ပေါ်လာကာ ပပ်ကြားအက်များအတွင်းမှ သဲများ၊ ရေများ ပန်းထွက်လာခဲ့သည်။ အလွန်ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။ ဧရာဝတီမြစ်ဘေးရှိ လေသာတံခါး၊ မန်အောင်တံခါးပြင်တွင် အက်ကွဲကြောင်းကြီးများဖြစ်ကာ မြေကျွံကျမှုများဖြစ်ခဲ့သည်။ တချို့အက်ကွဲကြောင်းကြီးများသည် သုံးပေ လေးပေခန့်ထိ ကျယ်ဝန်းပေသည်။ အင်းဝနှင့်တံတားဦးဆက်သွယ်ထားသည့် ကတ္တရာလမ်းတွင်လည်း တစ်ပေခန့်ကျယ်သည့် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာကာ မြေကျွံကျမှုများဖြစ်ခဲ့သည်။ အင်းဝ-တံတားဦးလမ်းတစ်လျှောက်တွင် မြစ်သာရွာနှင့် မော်ကွန်းရွာကြား မြေကျွံအက်ကွဲကြောင်းမှာ အဆိုးဆုံးဖြစ်သည်။ ကားများ၊ ဆိုင်ကယ်များသွားလာရခက်ခဲသည်ထိ ဖြစ်ခဲ့သည်။ ဤမှာ အင်းဝမြို့ငလျင်အခြေအနေကို စာရေးသူကိုယ်တိုင်မြင်သည့်အတိုင်း ရေးသားခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်သည့်အခါ အင်းဝမြို့အတွင်းမှ သဲများ၊ ရေများပန်းထွက်ခဲ့သည်ကို စာရေးသူကိုယ်တိုင်ကြုံတွေ့လိုက်ရသဖြင့် ဖတ်ခဲ့ဖူးသော သာယာဝတီမင်းလက်ထက် လှုပ်ခတ်ခဲ့သော အင်းဝငလျင်ကြီးအကြောင်းကို သွား၍သတိရမိပေသည်။ သာယာဝတီမင်းလက်ထက် လှုပ်ခဲ့သောငလျင်ကြီးသည် အလွန်ပြင်းထန်၊ အလွန်ကြောက်မက်ဖွယ်ကောင်းသော ငလျင်ကြီးဖြစ်သည်။ ထိုငလျင်ကြီးအကြောင်းကို မြန်မာရာဇဝင်ကြီးများ၌ ဖော်ပြထားသလို အင်္ဂလိပ်မှတ်တမ်းများတွင်လည်း ဖော်ပြကြသည်။ မြန်မာရာဇဝင်ကြီးများတွင် သာယာဝတီမင်းစံရာ အမရပူရမြို့ကိုအစွဲပြုပြီး အမရပူရငလျင်ဟုခေါ်ခဲ့ကြသည်။ အင်္ဂလိပ်မှတ်တမ်းတို့တွင် ငလျင်၏ဗဟိုအချက်ဖြစ်သော အင်းဝမြို့ကိုအစွဲပြုပြီး အင်းဝငလျင်ဟုခေါ်ခဲ့ကြသည်။

သာယာဝတီမင်းလက်ထက် လှုပ်ခဲ့သော ငလျင်သည် ၁၂၀၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၇ရက်၊ ကြာသပတေးနေ့ ညဉ့် ၂ ချက်တီးကျော်တွင် ရှေ့ပြေးငလျင်ငယ်လေး စလှုပ်သည်။ နှောင်းတန်ခူးလဆန်း ၈ ရက်နေ့၊ သောကြာနေ့ ညဉ့် ၂ ချက်တီးကျော် ၅နာရီအချိန်တွင် ပြင်းထန်သောအသံကြီးနှင့်အတူ ငလျင်ပြင်းထန်စွာ၊ အကြိမ်များစွာ လှုပ်ခတ်ခဲ့သည်။ ထိုငလျင်ကြီးအကြောင်းကို ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး၌ "လဆန်းရှစ်ရက်နေ့ ညဉ့်နှစ်ချက်တီးကျော် ငါးနာရီအချိန်တော်ပဲ့တင်သံနှင့်တကွ အထူးသဖြင့်ထပ်မံပြင်းပြ အကြိမ်များစွာ ငလျင်လှုပ်သည်တွင် အမရပူရရွှေမြို့တော် မြို့ထောင့်စေတီ၊ မြို့ရိုးပြတန်ဆောင်း၊ သူရဲခုံ၊ တန်ဆောင်းမှစ၍ မြို့တွင်း၊ မြို့ပြင် ဘုရားပုထိုး စေတီဂူကျောင်းတိုက် အိမ်အများပြိုပျက်သည်နှင့် လူသူ၊ ဆင်မြင်း၊ ကျွဲနွား များစွာသေသည်။ နိုင်ငံတော်အတွင်း ဘုရားပုထိုး စေတီလည်းများစွာပြိုပျက်ကုန်သည်။ ရွှေမြို့တော်ရတနာပူရ စစ်ကိုင်းမှစ၍ မြို့၊ ကျေးရွာများတွင် မြေကြီးအစိတ်စိတ်ကွဲ၍ ရေထွက်၏။ နောက်မြစ်ရေအညာသို့ဆန်၍စီး၏။ နောက်ကိုလည်းအစဉ်မပြတ် အကြိမ်များစွာလှုပ်၏"ဟူ၍မှတ်တမ်းတင်ထားသည်။

ဤမှတ်တမ်းအရ ၁၂၀၀ ပြည့်ငလျင်ကြီးသည် အလွန်ပြင်းထန်ပြီး ဧရာဝတီမြစ်ရေသည်ပင် အထက်သို့ဆန်၍စီးသည်ထိဖြစ်သည်။ အင်းဝ၊ အမရပူရ၊ စစ်ကိုင်းတို့တွင် မြေကြီးအစိတ်စိတ်ကွဲ၍ ရေထွက်သည်မှာ ယခု မတ် ၂၈ ရက်နေ့တွင် လှုပ်ခဲ့သော ငလျင်ကြီးနှင့်ဆင်လှပေသည်။သို့သော် ယခုငလျင်သည် ဧရာဝတီမြစ်ရေအထက်ဆန်သည်အထိ မဖြစ်ခဲ့သောကြောင့် ယခုငလျင်သည် ၁၂၀၀ ပြည့် ငလျင်လောက်မပြင်းထန်ဟုဆိုနိုင်သည်။

၁၂၀၀ ပြည့်ငလျင်အကြောင်းကို မြန်မာရာဇဝင်ကြီးများထက် အင်္ဂလိပ်မှတ်တမ်းတို့က ပို၍အသေးစိတ်မှတ်တမ်းတင်ထားသည်ကိုတွေ့ရသည်။ အင်္ဂလိပ်မှတ်တမ်းများတွင်တွေ့ရသော ၁၂၀၀ ပြည့် ငလျင်အကြောင်းကို ဆရာတော်ရွှေကိုင်းသားက စုစည်းမှတ်တမ်းပြုခဲ့သည်။ ဤနေရာတွင် ဆရာတော်ရွှေကိုင်းသားက စုစည်းမှတ်တမ်းပြုထားသည်ကိုသာ ဖော်ပြပါမည်။

"ခရစ်နှစ် ၁၈၃၉ မတ် ၂၃ရက် နံနက် ၄ နာရီမှာ စတင်လှုပ်ပါတယ်။ အဝမြို့ကိုဗဟိုပြုပြီး လှုပ်ခဲ့တဲ့ ငလျင်ကြီးဟာ အထက်အညာဗန်းမော်က အောက်အကြေ ရန်ကုန်မြို့ထိသာမက ယိုးဒယားဘက်ကိုပင် ကူးစက်ပြီး ပြင်းထန်စွာလှုပ်ခဲ့ပါတယ်။ ငလျင်ရဲ့ဗဟိုချက်ဖြစ်တဲ့အဝမြို့ဆိုရင် ငလျင်ဒဏ်ကိုအကြီးအကျယ်ခံခဲ့ရပါတယ်။ ဘယ်လောက်များပြင်းထန်သလဲဆိုတော့ ငလျင်လှုပ်ပြီးလို့ နှစ် ၂၀ ကြာတဲ့တိုင်အောင် ကြီးမားလှတဲ့အပျက်အစီးတွေကို တွေ့နေရတုန်းလို့ဆိုပါတယ်။ အဝမြို့တွင်းမှာဆိုရင် လူနေတိုက်တာအိုးအိမ်နဲ့ဘုရားပုထိုးစေတီကျောင်းကန်ဆိုလို့ တစ်ခုမှမကျန်သလောက်ပြိုပျက်ကုန်တယ်။ ဒီအပြိုအပျက်တွေအောက်မှာ ပိပြားပြီးသေနေတဲ့လူတွေဆိုရင် မရေတွက်နိုင်အောင်များတယ်။ လူအသေအပျောက်များလွန်းလို့ အတိအကျခန့်မှန်းလို့မရဘူး။ အနည်းဆုံးခန့်မှန်းခြေကတော့ ၃၀၀ က ၄၀၀ ထိ သေကျေပျက်စီးခဲ့တယ်လို့ဆိုတယ်။ ဒီအထဲမှာ ရဟန်းတော်အမြောက်အမြားပါဝင်ခဲ့တယ်။ အုတ်ကျောင်းတွေပြိုပျက်လို့ဆိုပဲ။

ဗမာပြည်တစ်ဝန်းမှာ ကျော်ကြားလှတဲ့၊ ဗမာပြည်မှာလဲ အကြီးဆုံးဖြစ်တဲ့မင်းကွန်းစေတီတော်ကြီးဟာ ဒေါင့်တွေကကွဲပြတ်ပြီး ပြိုကျပျက်စီးခဲ့တယ်။ အခုထိ အပျက်အစီးအတိုင်းရှိနေသေးတယ်။ အထူးသဖြင့်အရှေ့မြောက်ထောင့်က ပိုပြီးအထိနာပုံရတယ်။ တောင်အငယ်စားတစ်ခုပြိုကျနေသလို အစိုင်လိုက်၊ အခဲလိုက် ပြိုကွဲပျက်စီးနေတာကို အခုထိတွေ့မြင်နိုင်သေးတယ်။

အဝမှာ ထိုစဉ်ကလှုပ်ရှားခဲ့တဲ့ငလျင်လှိုင်းဟာ မြောက်ကတောင်ကို လှုပ်ရှားခဲ့တယ်လို့ဆိုပါတယ်။ အဝနဲ့ အမရပူရအကြား မြစ်ကမ်းတစ်လျှောက်မှာဆိုရင် မြေတွေဟာ အမြှောင်းလိုက် အမြှောင်းလိုက် အက်ကြောင်းပေါ်ပြီးကွဲကုန်တယ်။ တချို့နေရာဆိုရင် ငါးပေက ပေ ၂၀ထိ ကျယ်ဝန်းတဲ့ ကျင်းချိုင့်ကြီးတွေ

**❖ မတ် ၂၈ ရက်ကလှုပ်ခဲ့သောငလျင်ကြောင့် အင်းဝမြို့တွင် မြေလွှာအက်ကွဲကြောင်းကြီးများစွာဖြစ်ပေါ်ခဲ့ပြီး ထိုအက်ကွဲကြောင်းများမှ သမိုင်းဝင်ရေနန်းတော်နေရာကို တွေ့ရှိခဲ့သည်။ ငလျင်ဒဏ်ကြောင့်ဖြစ်ပေါ်လာသော အက်ကွဲကြောင်းများအတွင်းမှ ရေနန်းတော် သရက်ကင်းလှေကားကို အင်းဝမြို့မှ ဒေသခံတချို့က တွေ့ရှိခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာပေါ်သို့ အများသိအောင်တင်လိုက်သဖြင့် လူမှုကွန်ရက်စာမျက်နှာတွင် ရေနန်းတော်အကြောင်းမှာ သိသူများထင်ရှားသွားခဲ့သည်။ ရေနန်းတော်တွေ့သည်ဟူသောသတင်းကြောင့် ရေနန်းတော်နေရာသို့ လာရောက်ကြသူများ တစ်စတစ်စများပြားလာသည်။ ❖**

➤ စာမျက်နှာ ၅ သို့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လအတွင်း ဖူးစားပြောင်း အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ဟသ်ာတ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ဖူးစားပြောင်း အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဒေသထွက် ဖူးစားပြောင်း အဖူးရေ ၈၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဖူးစားပြောင်းအဖူးရေ ၂၀၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်းက ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟသ်ာတမြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေလို့ တင်ပို့ရောင်းအားတက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများ တင်ပို့ရောင်းချနေရတော့ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက လတ်ဆတ်ပြီး အရည်အသွေးတော်တော်ကောင်းပါတယ်''ဟု ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင်များသည် ဒေသထွက် ဖူးစားပြောင်းများအား ဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၁၀၀၀ မှ ၃၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

---

**စာမျက်နှာ ၄ မှအဆက်** ➤

ဖြစ်ပြီး ရေ၊ သဲနဲ့ အနက်ရောင်မြေတွေ အမြောက်အမြားပန်းထွက်ခဲ့တယ်လို့ဆိုပါတယ်။ အဲဒီတုန်းက ဧရာဝတီမြစ်ရေဟာ အနည်းငယ်မြောက်ပြီး တက်လာတယ်လို့ဆိုပါတယ်။ မြန်မာဘက်ကရာဇဝင်မှတ်တမ်းတွေကတော့ မြစ်ရေအညာဆန်တက်ပြီး စီးတယ်လို့ဆိုတယ်။

ငလျင်မလှုပ်မီ ပြင်းထန်တဲ့အသံကြီးမြည်ဟီးလာတယ်လို့ဆိုပါတယ်။ ဘာနဲ့တူသလဲဆိုတော့ အနီးမှာကပ်ပြီး အမြောက်ပစ်လိုက်သလို၊ ဒါမှမဟုတ် သစ်သားတံတားပေါ်မှာ လှည်းတွေအမြောက်အမြားဖြတ်ပြီးမောင်းပြေးသလိုနဲ့ တူတယ်လို့ဆိုပါတယ်။ ပထမဆုံးငလျင်ကြီးလှုပ်ပြီးတဲ့နောက်ပိုင်းမှာ နောက်ဆက်တွဲငလျင်လေးတွေ ၁၅မိနစ်၊ မိနစ် ၂၀ လောက်ခြားပြီး ခြောက်လလောက် မလှုပ်တဲ့ရက်ရယ်လို့ မရှိ၊ မပြတ်လှုပ်နေသေးတယ်။ နောက်လဲ သုံးနှစ်ထိ ရက်ခြားပြီးလှုပ်တုန်းလို့ဆိုပါတယ်။ ငလျင်လုံးဝပြတ်သွားတာကတော့ ၁၈၄၂ ခုနှစ်မှလို့ဆိုပါတယ်။

ဤမှာ ငလျင်လှုပ်၍ ရေနန်းတော်၏သရက်ကင်း လေ့ကားတစ်စင်းပေါ်လာသည်နှင့်စပ်လျဉ်း၍ သာယာဝတီမင်းလက်ထက် ၁၂၀၀ ပြည့်နှစ်တွင် လှုပ်ခဲ့သောသမိုင်းထဲက ငလျင်ကြီးအကြောင်း ကို ဗဟုသုတရဖွယ် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က စစ်ကိုင်း၊ အင်းဝ၊ အမရပူရ ငလျင်ဒဏ်ခံရသည်များနှင့် ယခုငလျင်ဒဏ်ခံရသည်များမှာ တူညီနေပါသည်။ ၁၂၀၀ ပြည့်ငလျင်ကြောင့် စစ်ကိုင်း၊ အင်းဝ၊ အမရပူရ တစ်ခွင် မြေများကွဲအက်မြောင်းများဖြစ်ပေါ်ပြီး ရေများပန်းထွက်ခဲ့သလို ယခု မတ် ၂၈ ရက် ငလျင်ကြောင့်လည်း အင်းဝမြို့၌ မြေကွဲအက်ပြီး သဲများ၊ ရေများ ပန်းထွက်ခဲ့ပုံမှာ တူညီပါသည်။

ယခုကဲ့သို့ သမိုင်းထဲက ၁၂၀၀ ပြည့် ငလျင်ကြီးကြောင်းကို ရေးသားဖော်ပြရခြင်းမှာ ပြည်သူတို့၏ စိုးရိမ်ပူပန်မှုများ လျော့ကျစေလို၍ဖြစ်သည်။ ငလျင်ကြီးလှုပ်ပြီးနောက်ပိုင်း လူမှုကွက်ရက်စာမျက်နှာများတွင် ပြည်သူများအထိတ်တလန့်ဖြစ်အောင် "ဘယ်နေ့ ငလျင်ကြီးလှုပ်ဦးမည်၊ ပြင်းထန်သည့်ငလျင်ကြီးလာဦးမည်" စသည်ဖြင့် ထင်ရာပြော၊ ထင်ရာရေးသားနေကြသည်။ ထိုရေးသားချက်များကိုဖတ်ပြီး ပြည်သူတို့မှာ အထိတ်တလန့်၊ ရင်တထိတ်ထိတ်ဖြစ်နေကြသည်။ အမှန်က ငလျင်ကြီးလှုပ်ပြီးနောက်ပိုင်း ငလျင်ငယ်လေးများလှုပ်တတ်သည်မှာ သမိုင်းက သက်သေပြနေသည်။ သာယာဝတီမင်းလက်ထက် ၁၂၀၀ ပြည့် ငလျင်ကြီးလှုပ်ပြီးနောက်ပိုင်း ငလျင်ငယ်လေးများသည် ခြောက်လထိ ရက်မပျက်လှုပ်ခဲ့သည်။ နောက် သုံးနှစ်ထိပင် ရက်ခြားပြီး လှုပ်နေခဲ့သည်။ ထို့ကြောင့် ငလျင်ကြီးလှုပ်ပြီး ငလျင်ငယ်လေးများ ဆက်၍ လှုပ်မည်ဖြစ်ကြောင်းကို သမိုင်းကသက်သေပြနေပါသည်။ ငလျင်ကြီးလှုပ်ပြီး ငလျင်ငယ်လေးများ ဆက်၍လှုပ်တတ်သည်မှာ သဘာဝပင်ဖြစ်ကြောင်း သိရှိနားလည်ပြီး ပြည်သူများစိုးရိမ်ပူပန်မှု လျော့ကျစေရန် သမိုင်းထဲက ငလျင်အကြောင်းကို ထည့်သွင်းရေးသားလိုက်ရခြင်းဖြစ်ပါသည်။

---

## ရိုးသားကြိုးစား လူငယ်များ

\- ဘဝမှာ ရိုးသားလို့
ကြိုးစားစို့ လူငယ်တွေ၊
အလုပ်ခွင်မှာ မခိုကပ်
စိတ်ဓာတ်ဖြူစေ၊
ပျင်းရိခြင်း ရှောင်ကြဉ်လေ
အောင်မြင်ပေ အမှန်မလွဲ၊
ရည်မှန်းရာ ဖွဲနဲ့လှမ်းမှ
အောင်ပန်းပွင့်မြဲ။

\- လောကဓံ အခက်အခဲ
ရင်ဆိုင်နွဲ ဖြတ်သန်းပါ၊
အချိန်တွေကို တန်ဖိုးထား
နိုးကြားစဉ်သာ၊
ဖွံ့သတ္တိ ဉာဏ်ပညာ
အမှန်ယှဉ်ကာ ရှေ့ဆက်ရင်း၊
အဖိုးတန် လူသားအဖြစ်ကို
ထုဆစ်ပါမင်း။

\- လူ့ဂုဏ်ရည် ရနံ့သင်း
သန့်ရှင်းလို့ မွှေးစေတကယ်၊
စာရိတ္တကို ကောင်းအောင်ပြု
ရှေးရှုစဉ်ကွယ်၊
အောင်မြင်မှု ပန်းတိုင်ရယ်
လှမ်းနိုင်မယ် အမှန်မဝေး၊
ပျော်ရွှင်စွာ ဘဝလမ်းကို
ဖြတ်သန်းမယ်လေး။ ။

**ရဲသွေးနီ(တက်ဝန်)**

## နိုင်ငံတကာ သတင်းများ

# အိန္ဒိယနိုင်ငံမှ ဘရာမို့စ်ဒုံးကျည်များကို မကြာမီကာလအတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ပြောကြား




**မနီလာ ဧပြီ ၂၃**

အိန္ဒိယနိုင်ငံမှ ဒုတိယကြိမ် ဘရာမို့စ်ဒုံးကျည်များကို မကြာမီကာလအတွင်း လက်ခံရရှိမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဂျီလ်ဘာတို တီအိုဒိုယိုက ယနေ့တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် အိန္ဒိယနိုင်ငံ၌အခြေစိုက်သည့် ဘရာမို့စ်လေကြောင်းစက်မှုလုပ်ငန်းကုမ္ပဏီထုတ် ဘရာမို့စ်ဒုံးကျည်စနစ်သုံးခုကို အမေရိကန်ဒေါ်လာ ၃၇၅ သန်းဖြင့် ဝယ်ယူရန် ၂၀၂၂ ခုနှစ်တွင် သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

တရုတ်နိုင်ငံနှင့် တင်းမာမှုများမြင့်တက်နေချိန်တွင် ထပ်မံလက်ခံရရှိမည့် ဘရာမို့စ်ဒုံးကျည်စနစ်ကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား ပိုမိုအားကောင်းခိုင်မာလာနိုင်ကြောင်း ဖိလစ်ပိုင်တာဝန်ရှိသူများက ပြောကြားထားသည်။

ဘရာမို့စ်ခရုစ် ဒုံးကျည်များသည် မိုင် ၁၈၀ ထိ ပျံသန်းနိုင်သော အသံထက်မြန်နှုန်းမြင့် ဒုံးကျည်အမျိုးအစားဖြစ်ပြီး မြေပြင်၊ ရေပြင်နှင့် ရေငုပ်သင်္ဘောများမှတစ်ဆင့် ပစ်လွှတ်နိုင်သည်။

တောင်တရုတ်ပင်လယ်ဒေသ ပြဿနာနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် တင်းမာမှုမြင့်တက်နေချိန်တွင် ဘရာမို့စ်ဒုံးကျည်များ ဒုတိယအကြိမ်လက်ခံရယူရန် ဖိလစ်ပိုင်နိုင်ငံက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ရုရှားအနေဖြင့် ရှေ့တန်းမျဉ်းများမှစ၍ တိုက်ခိုက်မှုများရပ်စဲပေးနိုင်ဟု သမ္မတပူတင်ကမ်းလှမ်း

**မော်စကို ဧပြီ ၂၃**

ရုရှားနိုင်ငံအနေဖြင့် လက်ရှိ ရှေ့တန်းမျဉ်းများမှစ၍ ယူကရိန်းကို ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ရပ်တန့်ပေးထားနိုင်သည်ဟု ရုရှားသမ္မတပူတင်က ကမ်းလှမ်းထားကြောင်း ဧပြီ ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ယခုလအစောပိုင်းတွင် စိန့်ပီတာစဘတ်မြို့၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အထူးကိုယ်စားလှယ် စတိဗ်ဝစ်ကော့ဗ်နှင့် တွေ့ဆုံဆွေးနွေးစဉ် သမ္မတပူတင်က ထိုသို့ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ယူကရိန်းရှေ့တန်းနယ်မြေများ၌ ယူကရိန်းတပ်များ ထိန်းချုပ်မှုအောက်၌ တည်ရှိနေဆဲဖြစ်သော နယ်မြေများကို ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရပ်ထားပေးနိုင်သည်ဟု စတိဗ်ဝစ်ကော့ဗ်နှင့် တွေ့ဆုံစဉ် သမ္မတပူတင်က ကမ်းလှမ်းခဲ့ကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ယူကရိန်းစစ်ပွဲအဆုံးသတ်ရေး သဘောတူညီချက် တစ်ရပ်ကို အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ရယူနိုင်ရန် အဆိုပါကမ်းလှမ်းချက်ကို သမ္မတပူတင်က အဆိုပြုခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်များသည် ဒွန်းနက်စ်နှင့် ဇာပိုရစ်ဇီယာအပါအဝင် ယူကရိန်းဒေသ လေးခုကို စစ်ရေးအရ တိုက်ခိုက်နေသော်လည်း ၎င်းဒေသလေးခုလုံးကို အပြည့်အဝ ထိန်းချုပ်နိုင်မှုမရှိသေးကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူနိုင်ချိန်တွင် ရုရှားနိုင်ငံနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂျမ္မူးနှင့် ကတ်ရှ်မီးယား၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား ၂၆ ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိ




**ဒေလီ ဧပြီ ၂၃**

အိန္ဒိယနိုင်ငံ ဂျမ္မူးနှင့် ကတ်ရှ်မီးယားဒေသတို့၌ ခရီးသွားဧည့်သည်များကို စစ်သွေးကြွအဖြစ် ယူဆရသူများက ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမျိုးသား ၂၆ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူ ၁၇ ဦး ရှိခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ရှုခင်းအလွန်လှပသည့် ပါဟယ်ဂမ်ဒေသ ဘိုင်ဆာရန်တောင်ကြား၌ ဧပြီ ၂၂ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းတိုက်ခိုက်မှုသည် ၂၀၀၈ ခုနှစ် မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း အရပ်သားများ အသေအပျောက် အများဆုံး အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ခဲ့ရသည်။

စစ်သွေးကြွများအဖြစ်ယူဆရသူများ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သူများမှာ အိန္ဒိယနိုင်ငံသား ၂၅ ဦးနှင့် နီပေါနိုင်ငံသား တစ်ဦးတို့ဖြစ်ကြကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။


ဧပြီ ၂၂ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် နှစ်ရက်ကြာ ဆော်ဒီအာရေဗျခရီးစဉ်ကို တစ်ပိုင်းတစ်စဖြင့် ဖျက်သိမ်း၍ ယနေ့ နယူးဒေလီမြို့သို့ ပြန်လာခဲ့ရသည်။

အဆိုပါပစ်ခတ်တိုက်ခိုက်မှုမှာ ၎င်းတို့တွင် တာဝန်ရှိကြောင်း ကတ်ရှ်မီးယား ခုခံရေးတပ်ဖွဲ့ အမည်ရှိ လူသိနည်းသည့် အုပ်စုတစ်စုက ကြေညာထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်နိုင်ငံ၌ မြစ်ကူးတံတားတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ပြိုကျ



**ပေကျင်း ဧပြီ ၂၃**

တရုတ်နိုင်ငံ ပေကျင်းမြို့ ရှန့်ယီခရိုင်၌ ယနေ့တွင်မြစ်ကူးတံတားတစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ပြိုကျခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

တံတားမီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ယာဉ်သွားလာမှုများကို ပိတ်ထားပြီးရာ တံတားပြိုကျချိန်တွင် လူများ အထိအခိုက်မရှိခဲ့ကြကြောင်း သိရသည်။

မီးလောင်ပြိုကျခဲ့သည့် တံတားမှာ ချောက်ပေ့အမည်ရှိ မြစ်ကူးတံတားဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

ချောက်ပေ့မြစ်ကူးတံတားပေါ်တွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့သော်လည်း တံတား၏ တစ်စိတ်တစ်ပိုင်းမှာ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

မီးလောင်မှု မဖြစ်ပွားမီ ချောက်ပေ့မြစ်ကူးတံတား၌အလင်းရောင်များ ရုတ်တရက်ပေါ်ထွက်ခဲ့ပြီးနောက် မိနစ် ၄၀ မျှအကြာတွင် မီးခိုးများ တက်လာကြောင်း မျက်မြင်ကြုံတွေ့သူ တစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ချောက်ပေ့တံတား မီးလောင်မှုနှင့် ပြိုကျမှုအကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟေတီနိုင်ငံ၌ ထိပ်တန်းဆေးရုံတစ်ရုံ လုံခြုံရေးပြဿနာများကြောင့် ပိတ်ထားရ




**ပေါ်တိုပရင့်စ် ဧပြီ ၂၃**

ဟေတီနိုင်ငံ၏ထိပ်တန်းဆေးရုံတစ်ရုံဖြစ်သည့် မိုင်ရီဘယ်လစ်တက္ကသိုလ်ဆေးရုံကြီးမှာ လုံခြုံရေးအခြေအနေယိုယွင်းမှု ဆိုးရွားလာခြင်းကြောင့် ပိတ်ထားလိုက်ရပြီဖြစ်ကြောင်း ဧပြီ ၂၂ ရက်သတင်းများတွင် ဖော်ပြထားသည်။

လက်နက်ကိုင် ဂိုဏ်းအုပ်စုများက မိုင်ရီဘယ်လစ်မြို့အတွင်း တိုက်ခိုက်မှုများ ပြုခဲ့လုပ်ပြီးနောက် မိုင်ရီဘယ်လစ်တက္ကသိုလ်ဆေးရုံကြီးကို ပိတ်ထားခဲ့ရခြင်းဖြစ်သည်။

၎င်းဆေးရုံသည် ဧပြီလအစောပိုင်းမှာပင် ပိတ်ထားခဲ့ရခြင်းဖြစ်ကြောင်း ဆေးရုံတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ဆေးရုံကိုမပိတ်မီ ဆေးရုံပေါ်ရှိ လူနာအားလုံးကို အခြားဆေးရုံများသို့ တာဝန်ရှိသူများက ခွဲဝေပို့ဆောင်ပေးထားကြောင်း သိရသည်။

မိုင်ရီဘယ်လစ် တက္ကသိုလ်ဆေးရုံကြီး ပိတ်ထားရမှုကြောင့် ဟေတီနိုင်ငံ၏ ယိုးယွင်းနေသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ အခြေအနေပိုဆိုးလာနိုင်သည်။

၎င်းဆေးရုံသည် ခုတင် ၃၀၀ ဆံ့ ဆေးရုံဖြစ်ပြီး နေ့စဉ် နိုင်ငံတစ်ဝန်းမှ လူနာဦးရေ ၈၅၀ တို့ကို နေ့စဉ် ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည့် ဆေးရုံတစ်ရုံဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Bandwagon-3 မစ်ရှင်ဖြင့် ဂြိုဟ်တုငယ်အများအပြား လွှတ်တင်ခဲ့



**ဝါရှင်တန် ဧပြီ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဧပြီ ၂၂ ရက်တွင် Bandwagon-3 အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တုငယ်အများအပြားကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

Bandwagon-3 မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သော ဂြိုဟ်တုများထဲတွင် ဂျာမနီအခြေစိုက် အက်မော့စ်စပေ့စ်ကာဂိုအမည်ရှိ ကုမ္ပဏီတစ်ခုက တည်ဆောက်ထားသည့် ကမ္ဘာ့လေထုလွှာထဲ ပြန်ဝင်မည့် အာကာသယာဉ် တစ်စင်းလည်း ပါဝင်ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဖီးနစ်-၁ ဟူ၍ အမည်ပေးထားသည့် ၎င်းအာကာသယာဉ်သည် မကြာမီကာလအတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်၍ ဘရာဇီးနိုင်ငံ ကမ်းရိုးတန်းကမ်းလွန် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အတွင်း ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ဖီးနစ်-၁ အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်ကို တစ်ပတ်သာလှည့်ပတ်၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ရန် ကြိုးစားမည်ဖြစ်ကြောင်း အက်မော့စ်စပေ့စ်ကာဂိုကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဖီးနစ်-၁ မစ်ရှင်သည် ဥရောပကုမ္ပဏီတစ်ခုက ပြုလုပ်မည့်ပထမဆုံး အာကာသယာဉ် ကမ္ဘာ့လေထုလွှာထဲ ပြန်လည်ဝင်ရောက်မှု မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Bandwagon-3 မစ်ရှင်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဗီတာမင်ဒီဓာတ်က အူမကြီးကင်ဆာကို ကာကွယ်ခြင်းနှင့်ကုသခြင်းတွင် ထိရောက်မှုရှိ

**ဘူဒါပတ် ဧပြီ ၂၃**

ဗီတာမင်ဒီဓာတ်သည် အူမကြီးကင်ဆာရောဂါကို ကာကွယ်ခြင်းနှင့် ကုသခြင်းတွင် ထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များက ဧပြီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ဟန်ဂေရီ သုတေသနပညာရှင်များသည် လူပေါင်းတစ်သန်းကျော် ပါဝင်သော လေ့လာချက်ပေါင်း ၅၀ တို့ကို အသေးစိတ်ပြန်လည်လေ့လာ ဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဗီတာမင်ဒီ အခြေခံပုံစံတစ်မျိုးဖြစ်သော ၂၅-ဟိုက်ဒရိုစီဗီတာမင်ဒီသည် အူမကြီးကင်ဆာကုသမှုရလဒ်တို့ကြားတွင် ခိုင်မာသည့်ဆက်စပ်မှုရှိနေသည်ကို တွေ့ရကြောင်း ဟန်ဂေရီ သုတေသန ပညာရှင်များက ပြောကြားသည်။

ဗီတာမင်ဒီသည် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်ပြီး ကင်ဆာဆဲလ်များသေဆုံးမှုကို အားပေးတတ်ကြောင်း ဟန်ဂေရီသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် ဗီတာမင်ဒီ အားဖြည့်ဆေးများသည် အူမကြီးကင်ဆာလူနာများကြား အသက်ရှင်နိုင်မှုနှုန်းကိုလည်း မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း ဟန်ဂေရီ သုတေသနပညာရှင်များက ပြောကြားသည်။

အူမကြီးကင်ဆာကို ကာကွယ်ရေးနှင့်ကုသရေးတို့တွင် ဗီတာမင်ဒီ၏ အကျိုးသက်ရောက်မှုသည် ဆေးအချိန်အဆ၊ လူနာတစ်ဦးချင်းစီ၏အခြေအနေနှင့် ကုသမှုကာလကဲ့သို့ နောက်ခံအကြောင်းတရားများအပေါ် မူတည်နေနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO


## နာဆာ၏ လူစီအာကာသယာဉ်က ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ရိုက်ကူးခဲ့သောပုံများကို ကမ္ဘာပေါ်သို့ ပြန်လည်ပေးပို့

**ဝါရှင်တန် ဧပြီ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ်သည် ဒေါ်နယ်ဂျိုဟန်ဆင်အမည်ရှိ ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့စဉ်က ရိုက်ကူးခဲ့သောဓာတ်ပုံများကို ကမ္ဘာပေါ်သို့ ပြန်လည်ပေးပို့ထားကြောင်း ဧပြီ ၂၂ ရက် သတင်းများအရ သိရသည်။

ကြာသပတေးဂြိုဟ်စနစ်အတွင်းသို့ ဦးတည်ပျံသန်းနေသော လူစီအာကာသယာဉ်သည် ဧပြီ ၂၂ ရက်တွင် ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်း၍ လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လူစီအာကာသယာဉ်သည် ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်ကို မိုင် ၆၀၀ ခန့်အကွာမှ တစ်ဆင့် အနီးကပ်ဖြတ်ကျော်ခဲ့ပြီး ဓာတ်ပုံများရိုက်ကူးခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။



လူစီအာကာသယာဉ်မှရရှိသော ဓာတ်ပုံအထောက်အထားများအရ ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်၏ အရွယ်အစားမှာ မျှော်လင့်ထားသည်ထက် ပိုကြီးမားပြီး အလျားငါးမိုင်ခန့်ရှိ၍ အနံမှာ အကျဉ်းဆုံးနေရာ၌ နှစ်မိုင်ထိရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်ကြားရှိ ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်း နယ်မြေအတွင်း တည်ရှိသော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းပေါ်ရှိ ထရိုဂျင်ဂြိုဟ်သိမ်များခေါ် ထူးဆန်းသည့်ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် လူစီအာကာသယာဉ်ကို ၂၀၂၁ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဗီတာမင်ကေ ချို့တဲ့ပါက ဦးနှောက်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်

**နယူးယောက် ဧပြီ ၂၃**

ဗီတာမင်ကေ ခေါ် အဓိက ဗီတာမင်ဓာတ်တစ်မျိုးချို့တဲ့ပါက ဦးနှောက်ကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဧပြီ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

အစိမ်းရောင်ရှိသည့် ဟင်းသီးဟင်းရွက်များတွင် အဓိကပါဝင်သော ဗီတာမင်ကေသည် အရိုးကျန်းမာရေးကို ထိန်းသိမ်းရာတွင် အရေးကြီးသော ဗီတာမင်ဓာတ်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဗီတာမင်ကေသည် နှလုံးသွေးကြောများ ကျန်းမာရေးကိုလည်း ကာကွယ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ဗီတာမင်ကေသည် ဦးနှောက်ကျန်းမာရေးအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း အမေရိကန်နိုင်ငံ တပ်ဖ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သက်ကြီးပိုင်းများကြား ဗီတာမင်ကေ ချို့တဲ့မှုသည် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ထိခိုက်ပျက်စီးမှုနှင့် ဆက်စပ်မှုရှိနေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းကြွက်များနှင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## ပရောဂျက်ကွိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ပထမဆုံးအသုတ်အဖြစ် ဂြိုဟ်တု ၂၇ စင်း လွှတ်တင်ရန်စီစဉ်ထား

**ဝါရှင်တန် ဧပြီ ၂၃**

ပရောဂျက်ကွိုပါအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ပထမဆုံးအသုတ်အဖြစ် ဂြိုဟ်တု ၂၇ စင်းကို ဧပြီ ၂၈ ရက်တွင် လွှတ်တင်ရန် အမေရိကန်နိုင်ငံ အခြေစိုက် Amazon ကုမ္ပဏီက စီစဉ်ထားကြောင်း ဧပြီ ၂၂ ရက် သတင်းများအရ သိရသည်။

Amazon ကုမ္ပဏီသည် ကွိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် မူလက ကွိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုပထမအသုတ်ကို ဧပြီ ၉ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ခဲ့ရကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို ကွိုပါဂြိုဟ်တုအစင်း ၃၂၀၀ ကျော်ဖြင့် တည်ဆောက်ရန် စီစဉ်ထားပြီး အဆိုပါကွိုပါဂြိုဟ်တုအစင်း ၃၂၀၀ ကျော်ကို အသုတ်ပေါင်း ၈၃ သုတ်ခွဲ၍ လွှတ်တင်မည်ဖြစ်ရာ ဧပြီ ၂၈ ရက် မစ်ရှင်မှာ ပထမဆုံးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ကွင်းလယ်ကစားသမား မက်အာတီးကိုခေါ်ယူရန် လေဗာကူဆင်က မန်စီးတီးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်

ဘာလင် ဧပြီ ၂၃

လေဗာကူဆင် အသင်းသည် လာမည့်နှစ် ဘောလုံးရာသီတွင် ကွင်းလယ်ပိုင်း ထပ်မံဖြည့်တင်းလိုသောကြောင့် မန်စီးတီးအသင်း လူငယ်ကစားသမား မက်အာတီးကို ခေါ်ယူရန် မန်စီးတီးအသင်း တာဝန်ရှိသူများနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

အသက် ၂၂ နှစ်ရှိ မက်အာတီးသည် ခြေစွမ်းပြကစားနိုင်သော်လည်း နည်းပြဂွါဒီယိုလာက ပုံမှန်ပွဲကစားခွင့် မပေးနိုင်သဖြင့် ကစားသမားကိုယ်တိုင်က အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသောကြောင့် ဆက်လက်ထိန်းသိမ်းရန် ခက်ခဲနေချိန်တွင် လေဗာကူဆင်အသင်းက ၎င်းကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

လေဗာကူဆင် အသင်းသည် ကွင်းလယ်ကစားသမား မက်အာတီးကို တောင်ပံတိုက်စစ်ပိုင်းမှ ဖလိုရီယန်ဝစ် ထွက်ခွာသွားပါက ၎င်း၏နေရာတွင် အစားထိုးသွားမည်ဖြစ်ကာကစားသမား၏ပြောင်းရွှေ့ကြေးအတွက် ယူရို ၂၅ သန်းထိ အသုံးပြုသွားမည်ဖြစ်သည်။

လူငယ်ကစားသမား မက်အာတီးသည် မန်စီးတီးအသင်းနှင့် ၂၀၂၁ ခုနှစ်က ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့သူဖြစ်ပြီး အသင်းတွင် ပွဲကစားခွင့်မပေးနိုင်သဖြင့် ရက်ဖီး(U) အသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ၌ အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ရာ ပြိုင်ပွဲစုံ ၂၅ ပွဲသာ ပါဝင်ကစားရသော်လည်း သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သည်။

နည်းပြ ဂွါဒီယိုလာအနေဖြင့် လူငယ်ကစားသမားကို အနာဂတ်စီမံကိန်းအတွက် အသင်းတွင် ဆက်လက် ထိန်းသိမ်းလိုသော်လည်း ပုံမှန်ပွဲကစားခွင့် မပေးနိုင်သောကြောင့် လေဗာကူဆင်အသင်းက ပွဲကစားခွင့် အာမခံချက်ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး ကစားသမား၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။

Ref : Fotmob
Trs : ML




## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းဂိုးသမား အီဒါဆန်၏ အေးဂျင့်ဖြစ်သူက ဆော်ဒီကလပ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်နေသဖြင့် မန်စီးတီးအသင်း တာဝန်ရှိသူများက အီဒါဆန်ထွက်ခွာသွားပါက ၎င်းနေရာတွင် ပေါ်တိုအသင်းဂိုးသမား ကော်စတာနှင့် အစားထိုးရန် ပစ်မှတ်နေကြောင်း သိရသည်။
- ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းက ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဗင်နီစီးယက်စ်နှင့် ဘာစီလိုနာအသင်းမှ တောင်ပံကစားသမား ရာဖင်ဟာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀၀ ထိ အသုံးပြုခေါ်ယူ၍ တိုက်စစ်မှူး နေမာ၏နေရာတွင် အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက လာမည့်နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ပါတေးကို အလွတ်ပြောင်းရွှေ့ခွင့်မပြုလိုသောကြောင့် သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

ML

# အာဆင်နယ်ကစားသမားဟောင်း ဝီရှိုင်းယား နော့ဝှစ်အသင်းနည်းပြအဖြစ် ခန့်အပ်ခံရ




လန်ဒန် ဧပြီ ၂၃

ချန်ပီယံရှစ်ကလပ် နော့ဝှစ်အသင်းသည် အသင်းနည်းပြသိုရက်ပ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် အာဆင်နယ်အသင်းကစားသမားဟောင်း ဝီရှိုင်းယားကို ယာယီနည်းပြအဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဝီရှိုင်းယားသည် နည်းပြဘဝသို့ဝင်ရောက်ခဲ့ပြီးနောက် အာဆင်နယ် ယူ-၁၈ အသင်းကို တာဝန်ယူနေသူဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာလက နော့ဝှစ်အသင်း နည်းပြအဖွဲ့နှင့် စတင်လက်တွဲခဲ့ပြီးနောက် နော့ဝှစ်အသင်း တာဝန်ရှိသူများက နည်းပြသိုရက်ပ်နှင့် လက်ထောက်နည်းပြ ရိုက်တာရှုလမ်တို့ကို ရာထူးမှ ထုတ်ပယ်၍ ဝီရှိုင်းယားကို ဘောလုံးရာသီ ကုန်ဆုံးချိန်ထိ နည်းပြခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဝီရှိုင်းယားသည် လက်ကျန်ပွဲစဉ်များဖြစ်သည့် အသင်းဖော်ကစားသမားဟောင်း ရမ်ဆေး တာဝန်ယူနေသည့် ကာဒစ်အသင်း၊ မစ်ဒယ်ဘရော့အသင်းတို့ နှင့်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် လက်ထောက်နည်းပြအဖြစ် တိုနီရောဘတ်စ်နှင့် စတန်လေတို့က တာဝန်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

အသက် ၃၆ နှစ်ရှိ နည်းပြသိုရက်ပ်သည် ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံး ၁၀ ပွဲတွင် တစ်ပွဲသာနိုင်ပွဲရခဲ့ကာ နော့ဝှစ်အသင်းကို ၄၄ ပွဲထိ တာဝန်ယူခဲ့ရာတွင် ၁၃ ပွဲနိုင်၊ ၁၄ ပွဲသရေ၊ ၁၇ ပွဲထိ ရှုံးနိမ့်ခဲ့ပြီး ရမှတ် ၅၃ မှတ်သာ ရရှိခဲ့သောကြောင့် အမှတ်ပေးဇယားအဆင့်(၁၄) နေရာတွင် ရောက်ရှိခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ဘောလုံးရာသီမကုန်ဆုံးမီ ရာထူးမှထုတ်ပယ်၍ ဝီရှိုင်းယားကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# လာလီဂါပြိုင်ပွဲတွင် ပြောင်းရွှေ့ကစားလိုကြောင်း ခံစစ်ကစားသမား ရိုမီရို ပြောကြား

လန်ဒန် ဧပြီ ၂၃

စပါးအသင်းခံစစ်ကစားသမား ရိုမီရိုသည် အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း လာမည့် နွေရာသီတွင် လာလီဂါပြိုင်ပွဲသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

လက်ရှိတွင် ခံစစ်ကစားသမား လာလီဂါကလပ် အသင်းများဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အေတီကိုအသင်းတို့သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိပြီး လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာရန်သေချာလျက်ရှိသည်။

အသက် ၂၆ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၂၂ ခုနှစ်က အတ္တလန်တာအသင်းမှ စပါးအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အပြီးသတ် ပြောင်းရွှေ့ခဲ့ကာ အသင်းနှင့် ပြိုင်ပွဲစုံ ၁၂၂ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဥရောပထိပ်သီး ကလပ်အသင်းများက စိတ်ဝင်စားနေခြင်းဖြစ်သည်။

ထို့ပြင် ရိုမီရိုသည် အာဂျင်တီးနားအသင်းတွင် ဒဏ်ရာကြောင့် ပွဲကစားခွင့် လျော့နည်းခဲ့သော်လည်း ၂၀၂၀ ကမ္ဘာ့ဖလားတွင် ချန်ပီယံဆုဖလားနှင့် ကိုပါအမေရိကဖလား နှစ်ကြိမ်ရယူနိုင်ခဲ့သူဖြစ်ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၂၃ ပွဲထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၃၃ ပွဲကစားအပြီးတွင် ၁၈ ပွဲထိရှုံးနိမ့်ခဲ့ပြီး တနင်္လာနေ့ ကစားခဲ့သည့် နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့်(၁၆) ထိရောက်ရှိခဲ့သော်လည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ထိတက်ရောက်ခဲ့ကာ ဘိုဒိုဂလင့်အသင်းနှင့် ကစားရမည်ဖြစ်သဖြင့် ဗိုလ်လုပွဲတက်ရောက်နိုင်ရန် အခွင့်အရေးကောင်းများ ရှိနေကြောင်း သိရသည်။




Ref : Espn
Trs : ML

# Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကာကွယ်သွားမည်ဟု နယ်လီကော့ဒါပြောကြား



တက္ကဆက် ဧပြီ ၂၃

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပသွားမည့် Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်ဟု ယနေ့တွင်ဖော်ပြခဲ့သည်။

နယ်လီကော့ဒါသည် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံအား ကာကွယ်လိုသဖြင့် ပြိုင်ပွဲဝင်သွားမည် ဖြစ်ကြောင်း သိရသည်။

နယ်လီကော့ဒါသည် ၂၀၂၄ ခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ရရှိခဲ့သော အောင်မြင်မှုများကြောင့် ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်ထားနိုင်ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း အောင်မြင်မှုမရသေးသည့် မှတ်တမ်းဆိုးကိုချေဖျက်နိုင်ရန်ပစ်မှတ်ထားနေသည့် နယ်လီကော့ဒါက "ကျွန်မအနေနဲ့ မနှစ်ကဒီအချိန်ဆိုရင် ဆုဖလားတွေတော်တော်လေးဆွတ်ခူးထားနိုင်ပြီ။ ဒါပေမဲ့လည်းမနှစ်ကကိစ္စက မနှစ်ကကိစ္စပါပဲ။ ဒီနှစ်ကိစ္စတွေကိုပဲစိတ်ဝင်စားတယ်။ ဒီနှစ်သစ်မှာအောင်မြင်မှုတွေရဖို့အတွက်ပဲ အာရုံစိုက်သွားမယ်။ ရာသီအစပိုင်းမှာရလဒ်တွေဆိုးရွားခဲ့ပါတယ်။ ရလဒ်မကောင်းတာကို ရလဒ်ကောင်းလာအောင် ဘယ်လိုပြင်ဆင်ရမလဲဆိုတဲ့စိတ်နဲ့ ပဲလေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်။ ဒီပြိုင်ပွဲမှာလက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

## ဥရောပထိပ်တန်း လိဂ်ငါးခုတွင် အဝေးကွင်းရှုံးပွဲမရှိ ပွဲစဉ်အများဆုံးအသင်းအဖြစ် ပီအက်စ်ဂျီအသင်း မှတ်တမ်းဝင်




**ပဲရစ် ဧပြီ ၂၃**

ပြင်သစ်လီဂူးပွဲစဉ်(၂၉)အဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် နန့်တက်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းသည် ဥရောပထိပ်တန်းလိဂ် ငါးခုတွင် အဝေးကွင်းရှုံးပွဲမရှိပွဲစဉ်အများဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် နန့်တက်အသင်းနှင့် ကစားခဲ့သည့် အဝေးကွင်းပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် စုစုပေါင်း အဝေးကွင်း ၃၉ ပွဲဆက်ရှုံးပွဲ မရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ဥရောပ ထိပ်တန်းလိဂ် ငါးခုတွင် အဝေးကွင်းရှုံးပွဲမရှိ ပွဲစဉ် အများဆုံးအသင်းအဖြစ် ရပ်တည်နေသည့် အေစီမီလန်အသင်း၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဥရောပထိပ်တန်းလိဂ်ငါးခုတွင် အဝေးကွင်းရှုံးပွဲမရှိ ပွဲစဉ်အများဆုံးအသင်းအဖြစ် ပြီးခဲ့သည့် ၁၉၉၃ခုနှစ်က အေစီမီလန်အသင်းက ၃၈ ပွဲဖြင့် ရပ်တည်နေခြင်းကို ယခုအခါ ပီအက်စ်ဂျီအသင်းက တစ်ပွဲအသာဖြင့် ကျော်ဖြတ်ပြီး ဥရောပထိပ်တန်းလိဂ် ငါးခုတွင် အဝေးကွင်းရှုံးပွဲမရှိ ပွဲစဉ်အများဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲတွင် ပွဲပေါင်း ၃၀ ကစားပြီးချိန်တွင် ၂၄ ပွဲအနိုင်ရရှိခဲ့ကာ ခြောက်ပွဲသရေ ရလဒ်ထွက်ပေါ်ထားပြီး ရှုံးပွဲမရှိသေးဘဲ လက်ကျန်ပွဲစဉ်များဖြစ်သည့် နိုက်အသင်း၊ စထရာဘော့အသင်း၊ မောင့်ပယ်လီယာအသင်းနှင့် အော်ဖေးအသင်းတို့နှင့်ပွဲစဉ်များတွင် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါက အသင်းသမိုင်းတစ်လျှောက် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်မည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိုဆာကာက ဘရွန်ဇက်တီကိုရှုံးနိမ့်

**မက်ဒရစ် ဧပြီ ၂၃**

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည်ရပ်တည်ခဲ့ဖူးသော ဂျပန်တင်းနစ်မယ် အိုဆာကာသည် စပိန်နိုင်ငံမက်ဒရစ်မြို့တွင် ကျင်းပနေသော မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲပထမအဆင့်ပွဲစဉ်၌ အီတလီတင်းနစ်မယ် ဘရွန်ဇက်တီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဘရွန်ဇက်တီက (၆-၄၊ ၂-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဂရန်းစလန်းဆုဖလားလေးလုံး ထိရရှိထားသော အိုဆာကာအနေဖြင့် ပထမပွဲငယ်တွင် ရှုံးနိမ့်ပြီး ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရရှိခဲ့သော်လည်း အဆုံးအဖြတ်ပွဲစဉ်တွင် အမှားများခဲ့ပြီး ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အိုဆာကာသည် ပုံစံကောင်းများ ပျောက်ဆုံးနေခဲ့ပြီးနောက် လက်ရှိ ကမ္ဘာ့အဆင့်မှာ ၅၅ ထိ ကျဆင်းခဲ့ပြီး မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ကမ္ဘာ့အဆင့်ရပ်တည်ချက် ဆက်လက်ကျဆင်းသွားဖွယ်ရှိသည်။

ဘရွန်ဇက်တီက “ကျွန်မအတွက် အရေးပါတဲ့နိုင်ပွဲတစ်ပွဲပါ။ အိုဆာကာဟာ အောင်မြင်မှုတွေအများကြီးရထားတဲ့ တင်းနစ်မယ်တစ်ဦးဖြစ်သလို ပြိုင်ဘက်တိုင်းအတွက်လည်းခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်ပါတယ်။ ဒုတိယအဆင့်ကို တက်လှမ်းနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်” ဟုပြောကြားခဲ့သည်။

ဘရွန်ဇက်တီသည် ဒုတိယအဆင့်တွင် အမေရိကန်နာမည်ကြီးတင်းနစ်မယ် မက်ဒီဆင်ကီးနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် YREOအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိ




**ရန်ကုန် ဧပြီ ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များကို ယနေ့ညနေပိုင်း၌ ရန်ကုန်မြို့တွင် စတင်ကျင်းပခဲ့ရာ YREOအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဧပြီ ၂၂ ရက်မှစတင်ပြီး ရန်ကုန်မြို့တွင် ကျင်းပနေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ညနေ ၄ နာရီက လေ့ကျင့်ရေးကွင်း-၁တွင် မြဝတီအသင်းနှင့် YREO အသင်းတို့ ကစားခဲ့ရာ YREO အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး YREO အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် နှင်းစန္ဒာဝင်းက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ပဒုမ္မာအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် Young Lion-esses အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက လေးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၄ မိနစ်၊ ၅၄ မိနစ်နှင့် ၈၇မိနစ်တို့တွင် မြတ်နိုးခင်နှင့် ပွဲချိန် ၆၂ မိနစ်တွင် ခင်မိုမိုထွန်းတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

## WBA အဖွဲ့ချုပ်က အန်နစ်နှင့် ဂီယာဆော့ဖ်၊ ရက်ဆဲလ်နှင့်ဟီရာအိုကာ တို့ကို ထိုးသတ်ရန်ညွှန်ကြား

**ပနားမားစီးတီး ဧပြီ ၂၃**

ပနားမားနိုင်ငံတွင် ခြေစိုက်သည့် ကမ္ဘာ့လက်ဝှေ့အသင်း (WBA)က ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ထိုးသတ်ရန် သတ်မှတ်ချိန်ရောက်နေသည့် အမေရိကန်လက်ဝှေ့သမား အန်နစ်အား ဥဇဘက်ကစ္စတန် လက်ဝှေ့သမား ဂီယာဆော့ဖ်နှင့် လည်းကောင်း၊ အမေရိကန်လက်ဝှေ့သမား ရက်ဆဲလ်အား ဂျပန်လက်ဝှေ့သမား ဟီရာအိုကာနှင့် လည်းကောင်း ထိုးသတ်ရန် ညွှန်ကြားခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အန်နစ်သည် လက်ရှိ IBF ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး WBA ဝယ်သာဝိတ်တန်း ယာယီချန်ပီယံဆုကိုလည်း ဆွတ်ခူးထားသူဖြစ်ရာ WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအတွက် ဂီယာဆော့ဖ်နှင့် ထိုးသတ်ရန် ဆွေးနွေးမှုကို ရက် ၃၀ အတွင်း အပြီးသတ်ဆွေးနွေးသွားရမည်ဖြစ်ကာ သဘောတူညီချက်စာချုပ်တွင် နှစ်ဖက်သဘောတူလက်မှတ်ရေးထိုး၍ WBA အဖွဲ့ချုပ်ထံတင်ပြရမည်ဖြစ်ကြောင်း WBA က ညွှန်ကြားခဲ့သည်။

အလားတူ ရက်ဆဲလ်သည်လည်း WBA လိုက်ဝယ်သာ ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး ချန်ပီယံအားစိန်ခေါ် ခွင့်ရရှိထားသည့် ဟီရာအိုကာနှင့် ထိုးသတ်သွားရန် WBA က ညွှန်ကြားခဲ့သည်။

ရက်ဆဲလ်သည် ၂၀၂၅ ခုနှစ် မတ် ၁ ရက်တွင် WBA လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အား ဆွတ်ခူးရရှိခဲ့သူဖြစ်ပြီး ပထမဆုံးအကြိမ် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်သွားရမည်ဖြစ်သည်။

WBA အဖွဲ့ချုပ်က “WBA ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် အန်းနစ်က ဂီယာဆော့ဖ်နဲ့ ထိုးသတ်သွားရမှာဖြစ်ပြီးတော့ WBA လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ရက်ဆဲလ်က ဟီရာအိုကာနဲ့ ထိုးသတ်သွားရမှာဖြစ်ပါတယ်။ ရက်ပေါင်း ၃၀ အတွင်း သဘောတူညီချက်စာချုပ်ကို WBA အဖွဲ့ချုပ်ထံပေးပို့ရမှာဖြစ်ပါတယ်”ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## လီဗာပူးအသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိဟု အယ်လစ်စတာပြောကြား

**လန်ဒန် ဧပြီ ၂၃**

လီဗာပူးအသင်း ကွင်းလယ်ကစားသမား အယ်လစ်စတာက ရီးရဲလ်မက်ဒရစ် အသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေသော်လည်း လီဗာပူးအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိဟု အနာဂတ်နှင့် ပတ်သက်ပြီး အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ အယ်လစ်စတာသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ဘရိုက်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ် ဘောလုံးရာသီတွင်လည်း အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိသူဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းက လာမည့် နွေရာသီအပြောင်း အရွှေ့ကာလတွင် အသင်းတောင်ပံတိုက်စစ်ပိုင်း အတွက် အယ်လစ်စတာကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အယ်လစ်စတာက ၎င်း၏ အနာဂတ်နှင့် ပတ်သက်ပြီး အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

အယ်လစ်စတာက “ကျွန်တော်နဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေ ကြားပါတယ်။ ကျွန်တော် လီဗာပူးအသင်းကနေ ထွက်ခွာဖို့ အစီအစဉ်မရှိပါဘူး။ အသင်းမှာ ကျွန်တော်ပျော်ရွှင်နေပါတယ်။ အသင်းနဲ့အတူ ဆုဖလားတွေ ဆွတ်ခူးနိုင်ဖို့အတွက်ကိုပဲ အဓိက အာရုံစိုက်ထားပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# လူမှုမီဒီယာနှင့် စိုက်ပျိုးပညာပေးလုပ်ငန်း

ငြိမ်း(YAU)

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ လွန်စွာအရေးပါလှသည်။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်ခံကျင့်သုံးခြင်းဖြင့် ထုတ်လုပ်မှုကို သိသာထင်ရှားစွာ တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်ခံကျင့်သုံးခြင်းဖြင့် ထုတ်လုပ်မှုကို တိုးတက်စေသည်သာမက ရေသယံဇာတအရင်းအမြစ်သုံးစွဲမှုလျော့နည်းခြင်း၊ ဓာတုပစ္စည်းသုံးစွဲမှု လျော့နည်းလာခြင်းတို့ကြောင့် သဘာဝဂေဟစနစ်အပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေပြီး ဘေးကင်းလုံခြုံသည့် စားရေရိက္ခာများ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးပညာပေးလုပ်ငန်းတွင် အဓိကတာဝန်များစွာရှိသည့်အနက် ပထမဦးစွာ တောင်သူများအနေဖြင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်ခံနိုင်ရန်အတွက် တောင်သူများ၏ ဗဟုသုတ၊ အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို တိုးတက်ကောင်းမွန်စေပြီး နည်းပညာဆန်းသစ်တီထွင်မှုများအပေါ်ထားရှိသောစိတ်နေသဘောထားကို ပြောင်းလဲစေရန်ဖြစ်သည်။ ထို့မှတစ်ဆင့် တောင်သူများ၏စွမ်းရည်ကို မြှင့်တင်ရန်နှင့် လယ်ယာလုပ်ငန်းခွင်အတွက် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချရာတွင် မှန်ကန်စွာချမှတ်နိုင်စေရန် တောင်သူများကို ကူညီပံ့ပိုးပေးရန်လည်းဖြစ်သည်။ အဓိကအနေဖြင့် တောင်သူများ၏စိတ်နေသဘောထား ပြောင်းလဲမှုသာလျှင် နည်းပညာများဖြန့်ဖြူးပေးခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နည်းပညာပေး ဆောင်ရွက်သည်ဆိုရာ၌ သုတေသနရလဒ်များကိုအခြေခံပြီး တောင်သူများလက်ခံကျင့်သုံးရမည့် တောင်သူများနှင့်ကိုက်ညီသောနည်းပညာများ (မျိုး၊ မြေ၊ ရေ၊ နည်း)ကို တောင်သူများသိရှိ၊ လက်ခံ၊ ကျင့်သုံးလာနိုင်အောင် နည်းပညာပေးဆောင်ရွက်ခြင်းဖြစ်ကာ လယ်ယာထွက်ကုန်များ မြှင့်တင်ခြင်းနှင့်သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်စေရေး စသည့်ရည်မှန်းချက်များကိုပြည့်မီစေရန် ကြိုးစားဆောင်ရွက်ခြင်းဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် အလေ့အကျင့်ကောင်းများ၊ နည်းပညာများကို တောင်သူများလက်ခံကျင့်သုံးကြမည်ဆိုလျှင် လယ်ယာလုပ်ငန်းခွင်အခြေအနေများမှာလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးလုပ်ငန်းသည်လွန်စွာအရေးပါသည်။ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးနှင့် စီမံခန့်ခွဲနိုင်ရေးတို့အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သတင်းအချက်အလက်ရရှိရေးသည်လည်း လွန်စွာအရေးကြီးပါသည်။ သတင်းအချက်အလက်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၏လည်ပတ်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် အောင်မြင်မှု၏သော့ချက်ဖြစ်သည်။

ယနေ့ခေတ်တွင် သတင်းအချက်အလက်နှင့် နည်းပညာသည်ရှေ့တန်းသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ လူထုဆက်သွယ်ရေးမီဒီယာနည်းလမ်းများအနေဖြင့် အချိန်တိုအတွင်း များပြားလှသော လူထုထံသို့ရောက်ရှိရန်အတွက် မရှိမဖြစ်လိုအပ်သည်။ အထူးသဖြင့် တောင်သူများသတိပြုမိစေရန်နှင့်မိုးလေဝသ၊ ရောဂါပိုးမွှားကျရောက်ခြင်း စသောကြိုတင်သတိပေး လုပ်ဆောင်ရမည့် ကိစ္စများတွင် လူထုဆက်သွယ်ရေးမီဒီယာများ အသုံးပြုခြင်းသည် လွန်စွာထိရောက်သည်။ ထို့ပြင် နည်းပညာတီထွင်

**❖သမားရိုးကျမီဒီယာ(ရေဒီယို၊ တီဗွီ)နှင့် လူမှုကွန်ရက်မီဒီယာတို့ဖြင့် ပညာပေးလုပ်ငန်းလုပ်သည့်အခါမှာ အခြားသော အစုအဖွဲ့လိုက် ပညာပေးခြင်း၊ တောင်သူတစ်ဦးချင်းစီ ပညာပေးခြင်းလုပ်ငန်းများနှင့် ပေါင်းစပ်ဆောင်ရွက်မှသာလျှင် ပိုပြီးထိရောက်မည်ဖြစ်သည်။ ထို့ပြင် တောင်သူများကိုယ်တိုင်ဦးဆောင်သည့် ပညာပေးလုပ်ငန်းများ၊ တောင်သူသင်တန်းကျောင်းများနှင့် တောင်သူများကိုယ်တိုင်ပူးပေါင်းပါဝင်သော ပညာပေးနည်းလမ်းများတွင် လူမှုကွန်ရက်မှတစ်ဆင့် ပညာပေးနည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းအသုံးပြုရန် လိုအပ်ပေသည်။❖**

ဆန်းသစ်မှုများကို တောင်သူများသတိပြုမိနိုင်ရန်အတွက် လူထုဆက်သွယ်ရေးမီဒီယာများမှာ လွန်စွာအရေးပါလှသည်။ လူထုဆက်သွယ်ရေးမီဒီယာများမှာ ပုံနှိပ်မီဒီယာ၊ ရုပ်သံမီဒီယာနှင့်ဆက်သွယ်ရေးပစ္စည်းအခြေခံသော လူမှုကွန်ရက်များဖြစ်သည်။ အဆိုပါမီဒီယာများသည် အသိပညာကိုမြှင့်တင်ပေးနိုင်ပြီး တောင်သူများ၏ ဆောင်ရွက်မှုများနှင့် နည်းပညာလက်ခံကျင့်သုံးမှုအပေါ် သက်ရောက်မှုများစွာရှိပါတယ်။

နည်းပညာဖြန့်ဖြူးရေးလုပ်ငန်းများအနက် လူထုမီဒီယာများ၏ဆွဲဆောင်မှုမှာ မြန်နှုန်းမြင့်ပြီး ကုန်ကျစရိတ်သက်သာစေသည်။ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး အပြန်အလှန်ဆက်သွယ်နိုင်သည့် အားသာချက်များရှိပါသည်။

ဆက်လက်ပြီး လူမှုမီဒီယာမှတစ်ဆင့်ပညာပေးလုပ်ငန်းများ၏ အားနည်းချက်၊အားသာချက်များကို ဖော်ပြပြီး ပညာပေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့်နည်းလမ်းများကို ဖော်ပြပါမည်။

လူမှုမီဒီယာမှတစ်ဆင့် ပညာပေးလုပ်ငန်း၏ အားသာချက်များမှာ-

(က) သတင်းအချက်အလက်ကို အလွယ်တကူ လျှင်လျှင်မြန်မြန်ရရှိနိုင်ခြင်း၊

(ခ) စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတတိုးလာနိုင်ခြင်း၊

(ဂ) ဈေးကွက်သတင်းများကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ခြင်း၊

(ဃ) ထုတ်လုပ်ကုန်ကျမှုအဆင့်ဆင့်ကို မှတ်သားနိုင်ခြင်း၊

(င) နှစ်စဉ်အထွက်နှုန်းနှင့် အမြတ်ရရှိမှုနှိုင်းယှဉ်နိုင်ခြင်း စသည့်အကျိုးများရရှိပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးစီမံခန့်ခွဲမှုကောင်းလာနိုင်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးအပလီကေးရှင်းမှတစ်ဆင့် ပညာရှင်၊ ကုန်သည်များနှင့်ချိတ်ဆက်ပြီး ထွက်ကုန်များရောင်းချနိုင်သဖြင့် ဈေးကွက်ကို

အခြေခံသော စိုက်ပျိုးပညာပေးလုပ်ငန်းအတွက် အရေးပါသည်ကိုတွေ့ရသည်။

လူမှုကွန်ယက်မှတစ်ဆင့် ပညာပေးခြင်း၏ အားသာချက်များရှိသကဲ့သို့ သတင်းတု၊ သတင်းမှားများတွေ့ရခြင်း၊ သတင်းပေးပို့မှုကြန့်ကြာခြင်းနှင့် ကုန်ကျစရိတ်များနိုင်ခြင်း စသောအားနည်းချက်များကိုလည်း တွေ့ရသည်။

သုတေသနများကိုအခြေခံပြီးပြောရမည်ဆိုပါက မြန်မာတောင်သူများကြုံတွေ့နေရသောစိန်ခေါ်မှုမှာ-

(က) ICT ဆက်သွယ်ရေးပစ္စည်းနှင့် ICT ပညာပေးရေးလုပ်ငန်းများကို လက်ခံအသုံးပြုရန်အတွက် ကုန်ကျစရိတ်မြင့်မားခြင်း၊

(ခ) ICT ဝန်ဆောင်မှုလုပ်ငန်းများ အားနည်းခြင်း၊

(ဂ) အသုံးပြုပုံနည်းလမ်း သေသေချာချာမသိခြင်း (ICT အသိပညာနည်းပါးခြင်း)စသည့် စိန်ခေါ်မှုများကြောင့် အသုံးပြုရာတွင် စိတ်ဝင်စားမှုနည်းပါးသည်ကို တွေ့ရပါသည်။ ပညာတတ်တောင်သူ၊ အကျိုးဆောင်တောင်သူများအနေဖြင့် လူမှုမီဒီယာကို အသုံးပြုပြီး နည်းပညာရယူနိုင်သော်လည်း လုပ်ကွက်ငယ် တောင်သူများအတွက်မူ အလှမ်းကွာနေသေးသည်ကို တွေ့ရှိရသည်။ စိုက်ပျိုးပညာပေးအဖွဲ့အစည်းဘက်မှ ကြည့်မည်ဆိုလျှင်တောင်သူများကိုပေးလိုက်သည့် နည်းပညာများမှာတောင်သူများနှင့်ကိုက်ညီသော နည်းပညာဖြစ်ရန်လိုအပ်ပါသည်။ ထိုသို့ဖြစ်ရန်အတွက် နည်းပညာလိုအပ်မှု ဆန်းစစ်ချက်၊ သတင်းအချက်အလက် လိုအပ်မှု ဆန်းစစ်ချက်နှင့် တောင်သူများ၏ နည်းပညာ တီထွင်ဆန်းသစ်မှုအပေါ် သဘောထားစသော စိုက်ပျိုးရေးပညာပေးဆိုင်ရာ သုတေသနများ ပြုလုပ်ရန် လိုအပ်ပါသည်။ ထို့ပြင် သတင်းဆောင်းပါး ရေးသားခြင်း အတတ်ပညာကိုလေ့လာရန် လိုအပ်သည်။ ပညာပေးသူများအနေဖြင့် သတင်းဆောင်းပါး ရေးသားခြင်း ကျင့်ဝတ်များနှင့် အွန်လိုင်းကွန်ရက်သတင်းအချက်အလက်ဆိုင်ရာ ဥပဒေများကိုသိရှိနားလည်ရန်လည်း လိုအပ်သည်။

သမားရိုးကျ မီဒီယာ (ရေဒီယို၊ တီဗွီ) နှင့် လူမှုကွန်ရက်မီဒီယာတို့ဖြင့် ပညာပေးလုပ်ငန်းလုပ်သည့်အခါမှာ အခြားသော အစုအဖွဲ့လိုက်ပညာပေးခြင်း၊ တောင်သူတစ်ဦးချင်းစီ ပညာပေးခြင်းလုပ်ငန်းများနှင့် ပေါင်းစပ်ဆောင်ရွက်မှသာလျှင် ပိုပြီးထိရောက်မည်ဖြစ်သည်။ ထို့ပြင် တောင်သူများကိုယ်တိုင်ဦးဆောင်သည့် ပညာပေးလုပ်ငန်းများ၊ တောင်သူသင်တန်းကျောင်းများနှင့် တောင်သူများကိုယ်တိုင်ပူးပေါင်းပါဝင်သော ပညာပေးနည်းလမ်းများတွင် လူမှုကွန်ရက်မှတစ်ဆင့်ပညာပေး နည်းလမ်းများကို ပေါင်းစပ်ထည့်သွင်းအသုံးပြုရန် လိုအပ်ပေသည်။

ထို့ပြင် နည်းပညာဖြန့်ဖြူးပေးသူနှင့် ဖတ်ရှုလေ့လာမည့်တောင်သူများပါ အောက်ပါအချက်များကို သတိပြုရန်လိုအပ်ပါသည်-

(က) အချက်အလက်အရင်းအမြစ်ခိုင်မာမှုရှိ၊ မရှိနှင့် ရေးသားတင်ပြသော ရက်စွဲကာလကို သတိပြုခြင်း၊

(ခ) မီဒီယာမှရရှိသည့် အချက်အလက်များအားလုံးသည် ပြီးပြည့်စုံမှန်ကန်မှု အမြဲမရှိနိုင်သည်ကို နားလည်ခြင်း၊

(ဂ) ရရှိသောအချက်အလက်ကို မိမိလက်တွေ့အခြေအနေများနှင့်နှိုင်းယှဉ်စဉ်းစားခြင်း၊

(ဃ) ရရှိသောအချက်အလက်ကို အခြားအရင်းအမြစ်များနှင့်နှိုင်းယှဉ်စဉ်းစားခြင်း၊

(င) ရရှိသောအချက်အလက်ကို နီးစပ်ရာမိတ်ဆွေများနှင့် ဆွေးနွေးခြင်း၊

(စ) အပြန်အလှန်ဆွေးနွေးနိုင်သည့် မီဒီယာဖြစ်ပါကမရှင်းလင်းသည့် အချက်အလက်များကို လိုတိုရှင်းမေးမြန်းခြင်း၊

(ဆ) လက်တွေ့ဆောင်ရွက်၍ ရနိုင်သည့်အချက်အလက်ဖြစ်ပါက ပမာဏအနည်းငယ်စမ်းသပ်ဆောင်ရွက်ခြင်း

(ဇ) ဖြစ်နိုင်သည့်အခြေအနေတွင်သက်ဆိုင်ရာပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးပညာပေးဝန်ထမ်းများနှင့် တောင်သူလယ်သမားများအနေဖြင့် လူမှုမီဒီယာများကို ထိရောက်စွာသုံးစွဲခြင်းအားဖြင့် နည်းပညာ၊ အသိပညာများ ပိုမိုတိုးတက်သိမြင်လာပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကားကို မေ ၂၇ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်




**ရန်ကုန် မေ ၂၃**

ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကားကို မေ ၂၇ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ဖြူဖြူထွေးက ပြောပြ၍ သိရသည်။

ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကားသည် နတ်စောင်း(ကျိုက်ထို)၏ ဝတ္ထုဇာတ်လမ်း ကို နတ်စောင်း(ကျိုက်ထို)နှင့် ရွှန်းမိမိ ထက်တို့က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က သက်တန့်အိမ် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်၊ ဟာသ ဇာတ်ကား တစ်ကားလည်းဖြစ်ကာ CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ် ဖွန်လတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ချိန်ကလဲ ပရိသတ်တွေ အားပေးမှုရခဲ့တဲ့ ဇာတ်ကားလေးပါ။ မကြည့်လိုက်ရသေးတဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသ ဇာတ်မြူးလေးပါ"ဟု သရုပ်ဆောင် ဖြူဖြူထွေးက ပြောပြသည်။

ကမောက်ကမ သမီးယောက်မ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ပြေတီဦး၊ ခင်လှိုင်၊ မနော၊ ဆင်မ၊ အောင်ခိုင်၊ ခိုင်သင်းကြည်၊ တက္ကသိုလ်ဝွမ်းပုံ၊ သင်ဇာဝင့်ကျော်၊ ဖြူဖြူထွေး၊ ဝါဝါအောင်၊ မျိုးမျိုးခိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## Wuthering Heights ဇာတ်ကား၌ ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် မေ ၂၃**

ဝါနာဘရားသားကုမ္ပဏီ၏ Wuthering Heights ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

Wuthering Heights ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးကြောင်းကို ၎င်းဇာတ်ကား၌ အဓိကဇာတ်ကောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် မင်းသား ဂျက်ကော့အယ်လော်ဒီက မေ ၂၀ ရက်တွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် အင်္ဂလိပ်စာရေးဆရာမကြီး အင်မလီဘရုန်တီ၏ ခေါင်းစဉ်အမည်တူဝတ္ထုကို ပြန်လည် ရိုက်ကူးထားသော ဒရာမာဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကား၌ မင်းသား ဂျက်ကော့အယ်လော်ဒီနှင့်အတူ မင်းသမီး မားဂေါ့ရော့ဘီလည်း ပါဝင်သရုပ်ဆောင်ထားသည်။

Wuthering Heights ဇာတ်ကားကို အင်္ဂလိပ်အမျိုးသမီးဒါရိုက်တာ အမ်မရယ်ဖန်နယ်က အင်္ဂလန်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင်ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## ညမထွက်ရ ရုပ်ရှင်ဇာတ်ကားကို မေ ၂၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် မေ ၂၃**

ညကျောင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ညမထွက်ရ ရုပ်ရှင်ဇာတ်ကားကို မေ ၂၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ ညိုမင်းလွင်က ပြောပြ၍သိရသည်။

ညမထွက်ရ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ညိုမင်းလွင်က ရေးသားထားပြီး ဒါရိုက်တာ ညိုမင်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ထူးနွယ်ဇော်၊ ဇော်Gတို့က ညကျောင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"မေ ၁၈ ရက်က မြန်မာနိုင်ငံက ညမထွက်ရ အမိန့်တစ်ကျော့ပြန်ကြေညာခဲ့တာ ငါးနှစ်ပြည့်တဲ့နေ့လဲ ဖြစ်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ ညမထွက်ရဆိုတဲ့နာမည်နဲ့ ဇာတ်ကားရိုက်ချင်ခဲ့တာ ကြာပါပြီ။




၂၀၁၃-၂၀၁၄ ခုနှစ်လောက်ကတည်း ကရိုက်ချင်ခဲ့တာပါ။ ကျွန်တော်တို့က ဟိုအရင်ကတည်းက ဒီခေါင်းစဉ်နဲ့ ရင်းနှီးနေခဲ့တာကြာပါပြီ။ အခုမှ ဒီဇာတ်ကားနာမည်နဲ့ အကောင်အထည်ဖော်ဖြစ်သွားတာပါ။ ညမထွက်ရကတော့ သရဲကားလို့လဲ ပြောလို့ရပါတယ်။ ဒါပေမဲ့ သရဲပါတဲ့ Cry Drama ကားလို့ဆိုရင်လဲ ရပါတယ်။ စိတ်လှုပ်ရှားစရာဇာတ်ကားပါလို့ ပြောလို့ရပါတယ်။ ကျွန်တော်နဲ့အရင်တုန်းက လက်တွဲရိုက်ခဲ့တဲ့မင်းသားတွေ ပြန်လည်ရိုက်ကူးပုံဖော်ခဲ့တာပါ"ဟု သရုပ်ဆောင်ညိုမင်းလွင်က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ထွန်းထွန်း၊ နေမင်း၊ ဘုန်းမင်းနေလ၊ ဘုန်းသျှံ၊ အောင်ဖြိုးလင်း၊ မြယာ၊ ယွန်းမြတ်သူ၊ မြတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## Outrun ဗီဒီယိုဂိမ်းကိုရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးရန် ယူနီဗာဆယ် စီစဉ်နေ

**နယူးယောက် မေ ၂၃**

Outrun အမည်ရှိ နာမည်ကျော် ဗီဒီယိုဂိမ်းတစ်မျိုးကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း မေ ၂၂ရက် သတင်းများအရ သိရသည်။

Outrun ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ မိုက်ကယ်ဘေးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသမီး ဆစ်ဒနီဆွင်းနေးက ထုတ်လုပ်သူအဖြစ် တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Outrun ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေဆင်ရော့ဝဲက တာဝန်ယူရေးသားပေးမည်ဖြစ်ပြီး ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် ယခင်ကလည်း The Super Mario Bros ဗီဒီယိုဂိမ်းကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးခဲ့ဖူးရာ ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံထိရရှိခဲ့ဖူးသည်။

လက်ရှိတွင် Outrun ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးကြောင်း သိရသည်။

အလားတူ အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များနှင့် ဇာတ်ကားရိုက်ကူးရေး စတင်မည့်ရက်တို့ကိုလည်း ယူနီဗာဆယ်က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




## ကစားပွဲ Play ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲ ပြုလုပ်

**ရန်ကုန် မေ ၂၃**

မေ ၂၅ ရက်တွင် ရုံတင်ပြသမည့် ကစားပွဲ Play ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ ရုပ်ရှင်ရုံ၌ မေ ၂၂ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြ၍ သိရသည်။

ကစားပွဲ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး မင်းကိုစိုး(နတ်သံကွင်း)နှင့် ရန်နိုင်ထွန်းတို့က ရိုက်ကွင်းဇာတ်ညွှန်း ရေးသားကာ ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက အချစ်၊ ဟာသဇာတ်မြူးပါ။ ဒီဇာတ်ကားထဲမှာတော့မေလေးရဲ့ကာရိုက်တာလေး ကတစ်မျိုးပေါ့။ ယောကျ်ားတွေကို ကစားတတ်တဲ့ လက်စားချေဖို့ လုပ်နေတဲ့မိန်းကလေး ကာရိုက်တာလေးပါ။ တစ်ကားလုံးကလဲ ဟာသဇာတ်မြူးဆိုတော့ ပေါ့ပေါ့ပါးပါးလေးပဲ လုပ်ထားပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ကြည့်ရမဲ့ဖျော်ဖြေရေးသက်သက် ဇာတ်ကားလေးပါ" ဟု သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြသည်။

ကစားပွဲ Play ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ အေးချမ်းမောင်၊ လင်းလင်း၊ ခင်လှိုင်၊ ဆင်မ၊ မိုးမိုး၊ အောင်ခိုင်၊ မေမြင့်မိုရ်၊ ခြူးလေး၊ သုသုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်းလည်း သိရသည်။

ASH

# Chairman of National Natural Disaster Management Committee Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win inspects Myoma Market No. (1) and Agricultural and Veterinary Science Institute (Pyinmana) in Pyinmana Town damaged by earthquake in Nay Pyi Taw Council Area





Vice-Senior General Soe Win inspects damage at Pyinmana Myoma Market No. (1).

**Nay Pyi Taw April 23**

Chairman of the National Natural Disaster Management Committee Vice-Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win, along with Union Ministers, the Chairman of the Nay Pyi Taw Council, the Commander of the Nay Pyi Taw Command, and other officials, visited and inspected Pyinmana Town's Myoma Market No. (1) and the Agricultural and Veterinary Science Institute (Pyinmana), which were damaged by an earthquake in the Nay Pyi Taw Council area this afternoon. Necessary instructions were given.

First, the Vice-Senior General, and the entourage inspected the collapsed buildings in Market Halls A and B of Myoma Market No. (1), which were severely damaged by the Mandalay earthquake and subsequent tremors. They observed the clearance operations being carried out by military personnel, joint teams, and volunteer groups. They also examined the structural stability of Market Halls C and D, which suffered minor damage, operating with Tex exemptions, and provided guidance to the responsible officials.

Myoma Market No. (1) was constructed in 1995, covering an area of 4.375 acres. Out of 1,369 shop stalls in Market Halls A, B, C, and D, 393 stalls in Halls A and B were destroyed by the earthquake. Meanwhile, shops in Halls C and D, which sustained minor damage, have been permitted to continue operating with tax exemptions. Plans are underway to temporarily relocate the market to the Aung Mingalar compound near the old Yangon-Mandalay road in Pyinmana Township while a new market is being reconstructed.

Next, the Vice-Senior General, and party visited the Agricultural and


See Page 13



Vice-Senior General Soe Win inspects damage at Pyinmana Myoma Market No. (1).



Vice-Senior General Soe Win hears report by an official.



Vice-Senior General Soe Win inspects damage to a school building at the Agricultural and Veterinary Science Institute (Pyinmana).

# Shwebo District reaps more than 6,000 acres of winter sunflower



A thriving sunflower plantation.

**Shwebo April 23**

According to records from the Department of Agriculture in Shwebo District, Sagaing Region, the sunflower crops planted during the winter growing season have been fully harvested in the district, covering a total area of 6,391 acres.

During this winter season in Shwebo District, sunflowers were cultivated on up to 6,391 acres, and harvesting began in January of this year. As of today, 100 per cent of the cultivated area has been harvested, with an average yield of 27.35 baskets per acre.

"The total area cultivated with sunflowers during the winter season in Shwebo District was 6,391 acres. Now, all of those fields have been completely harvested. We're expanding the cultivation of oil-producing crops like sunflowers to reduce the need for importing palm oil. Among oil crops, sunflowers produce more oil per acre than crops like sesame or groundnuts. Sunflowers are grown exclusively in the winter here," said Daw Zar Zar Min, Assistant Director of the Shwebo District Agriculture Department.

In the district, Shwebo Township harvested 345 acres of sunflower, KhinU Township 1,457 acres, Wetlet Township 4,440 acres and Kyaukmyaung Sub-township 149 acres, totalling 6,391 acres.

To support the expansion of sunflower cultivation in the district, the respective township agriculture departments have increased the frequency of educational training sessions. These sessions are aimed at enhancing the skills of both staff and farmers involved in sunflower farming.

Moreover, in Shwebo District, measures have been taken to support sunflower farmers by supplying quality seeds, selling fertilizers like urea at affordable prices, and distributing new sunflower varieties through a farmer-to-farmer exchange system. 206

# Chickpea harvested on more than 3,000 acres of croplands in Katha Township

**Katha April 23**

According to Katha Township Agriculture Department, local farmers have harvested 3,084 acres of chickpea planted last winter in Katha Township of Sagaing Region.

In Katha Township, during the winter crop season, chickpeas were cultivated on up to 3,084 acres. Harvesting of these chickpea fields began in January this year and has been completed as of today, with 100 per cent of the cultivated area harvested. It is reported that the average yield was 14.91 baskets per acre.

Katha Township's winter crop season emphasizes increased cultivation of various types of beans and legumes to boost food security. As part of this effort, chickpeas were grown on 3,084 acres. At present, all chickpea fields have been fully harvested. Chickpeas are a crop with high domestic consumption, so there is a steady market for them, and farmers are benefiting accordingly, said U Ko Lay, Head of the Township Agriculture Department in Katha.

To support chickpea farmers in the area, the township's Agriculture Department provided knowledge and guidance on improving yield, selecting high-quality and locally suitable seeds, ensuring seed purity, using proper cultivation techniques, pest and disease prevention, and appropriate fertilizer usage.

This year, during the winter crop season, the department also collaborated with farmers to provide the necessary pure and high-quality seeds, farming inputs, and post-harvest technologies aimed at improving both the yield and quality of bean crops. 206

# Lablab bean yields more than 16 baskets per acre in Pwintbyu Township

**Pwintbyu April 23**

Local farmers have harvested all sown acreage of lablab bean in Pwintbyu Township of Magway Region, yielding 16.77 baskets per acre, according to the statistics of Pwintbyu Township Agriculture Department.

In Pwintbyu Township, a total of 4,822 acres of lablab beans were successfully cultivated during the winter crop season. Local farmers began harvesting the crops in February, and it has now been reported that the harvest is 100 per cent complete.

Daw Moe Moe Wai, head of the Pwintbyu Township Department of Agriculture, stated, "During the winter crop season, 4,822 acres of lablab beans were cultivated within Pwintbyu Township. The crops were grown successfully thanks to favorable cultivation conditions. To further expand lablab bean cultivation and improve yield, farmers were encouraged to select high-quality and suitable seed varieties. The department also provided necessary agricultural technology and support."

To help farmers in Pwintbyu Township improve their productivity, the Department of Agriculture promoted the use of quality seeds, proper cultivation techniques, efficient irrigation systems, pest and disease prevention, and the use of natural fertilizers and organic pesticides. Additionally, during the harvest period, they supported timely harvesting methods to prevent yield losses and advised on proper post-harvest handling—such as storing the beans under shelter to maintain quality.

Daw Moe Moe Wai also explained that if lablab beans can be cultivated with improved yields, it will not only contribute to local food security but also allow for surplus production to be sold, thereby improving the socioeconomic status of farmers. As a result, she emphasized the importance of expanding lablab bean cultivation in all regions.

Ye Win Naing (NyaungU)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

Veterinary Science Institute (Pyinmana) in Shwe Chi Ward, Pyinmana. Union Minister for Agriculture, Livestock, and Irrigation U Min Naung reported on the historic buildings and other school structures damaged by the earthquake.

Subsequently, the Vice-Senior General and party inspected the Agricultural Machinery Department building (Centenary Building), the principal's office, the Kyaramek Hall, the guesthouse, the Yinma Hall, the Tharaphi Hall, the Shwe Yaung Kyi Hall, and the classrooms. They issued instructions that before reconstructing the damaged classrooms, the ground conditions must be tested, and the buildings should be restored according to their original design. For classrooms requiring minor repairs, structural reinforcement inspections must be carried out by a technical team, and all repairs should be completed before schools reopen in June. Additionally, important documents and teaching aids must be systematically preserved, and other necessary measures were also directed.

Later, the Vice-Senior General and party met with the school's principal, teachers, staff, and their families to offer encouragement. Upon hearing their concerns about living conditions, the Deputy Prime Minister assured them of one month's worth of basic food supplies and temporary modular housing for office and residential use.

At the Agricultural and Veterinary Science Institute (Pyinmana), out of 92 buildings on campus, a total of 8 structures - including 5 historic buildings and 3 other structures - were completely destroyed. Additionally, 5 buildings - including one century-old historic structure and 4 other buildings - suffered dangerous levels of damage. The institute currently has 461 first-year, second-year and third-year students who are still in need of proper classroom facilities following the damage.

The school's agricultural machinery department (Centenary Building) was constructed in 1923 AD as a new training facility, fully equipped to teach students welding, motor repair, blacksmithing, and carpentry. The Kyaramek Hall, built in 1926 AD, for teachers served as the headquarters of the Burma Defence Army (BDA) Pyinmana Battalion. The Yinma Hall, built in 1928 AD, for students and the Tharaphi Hall, built in 1938 AD, were also historic BDA battalion headquarters. 100

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Raytheon ကုမ္ပဏီက တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်ကို ယူအေအီးနိုင်ငံ၌ ထုတ်လုပ်သွားမည်



အမေရိကန်ကာကွယ်ရေးနည်းပညာကုမ္ပဏီ Raytheon သည် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၌ တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်ကိုထုတ်လုပ်ရန်အတွက် အာရပ်စော်ဘွားများပြည်ထောင်စု Tawazun ကောင်စီအဖွဲ့နှင့် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ကြား မဟာဗျူဟာမြောက် စက်မှုပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းလာမှုသင်္ကေတအဖြစ် မြို့တော်အဘူဒါဘီ၌ အခမ်းအနားတစ်ခုတွင် ၎င်းသဘောတူညီချက်ကို တရားဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပဏာမခြေလှမ်းသည် ဒေသတွင်းကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်၊ ပံ့ပိုးရေးလုပ်ငန်းများ ခိုင်မာအားကောင်းစေရန်နှင့် ကမ္ဘာ့ကာကွယ်ရေးအခင်းအကျင်းတွင် အရေးပါသောမိတ်ဖက်တစ်ဦးအဖြစ် အာရပ်စော်ဘွားများပြည်ထောင်စု၏ အခန်းကဏ္ဍကို ဖော်ညွှန်းပြသလိုက်ခြင်းလည်းဖြစ်သည်။

အာရပ်စော်ဘွားများပြည်ထောင်စုတွင် တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်ထုတ်လုပ်မှုသည် တန်ပြန်ဒရုန်းတိုက်ဖျက်မှုစစ်ဆင်ရေးတွင် တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ကို ကိုယ်စားပြုနေသည်။ တိုက်ပွဲဝင်သက်သေပြထားသည့် တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် ဒုံးလွှာလမ်းပေါ်တွင် ပစ်လွှတ်နိုင်သည့် ဈေးသက်သာသောဒုံးကျည်မျိုးကွဲဖြစ်သည်။ အားမြင့်ရော့ကတ်မော်တာနှင့် တာဘိုင်အင်ဂျင် တပ်ဆင်အသုံးပြုထားသည်။ အရွယ်အစားသေးငယ်ပြီး ကုန်ကျစရိတ်သက်သာရန် ဒီဇိုင်းထုတ်ထားသည့် တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် အကွာအဝေးနှင့် အမြင့် စွမ်းဆောင်ရည်များတိုးမြှင့်ပေးထားပြီး အရှေ့စွမ်းအင်နှင့် အရှေ့စွမ်းအင်သုံးမဟုတ်သော စွမ်းဆောင်ရည်နှစ်ခုစလုံးဖြင့် အသေးစားဒရုန်းများမှသည် အကြီးစားဒရုန်းများထိ ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်၏ အဆင့်မြင့်စွမ်းရည်များမှာ လျင်မြန်စွာ တုံ့ပြန်နိုင်ခြင်းဖြစ်သည်။ Raytheonကုမ္ပဏီထုတ် Ku-band ရေဒီယိုကြိမ်နှုန်းအာရုံခံကိရိယာနှင့်တွဲဖက်လိုက်သောအခါ တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးဒုံးကျည်စနစ်သည် အမေရိကန်ကြည်းတပ်၏ အသေးစားအနိမ့်ပျံအနေးပစ်မှတ်များ ကြားဖြတ်တိုက်ခိုက်ရေးစနစ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။ တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်ကို ပူးတွဲထုတ်လုပ်ခြင်းသည် ဆယ်စုနှစ်များစွာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များမှတစ်ဆင့် အမေရိကန်-အာရပ်စော်ဘွားများပြည်ထောင်စုကာကွယ်ရေးဆက်ဆံရေးနက်ရှိုင်းလာမှုအပေါ် အလေးပေးဖော်ပြနေခြင်းလည်းဖြစ်သည်။ အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီ၏ တန်ပြန်မောင်းသူမဲ့လေယာဉ်ကာကွယ်ရေးစနစ်ကို အာရပ်စော်ဘွားများပြည်ထောင်စု၏ ပြည်တွင်းထုတ်လုပ်မှုအဖြစ် မဟာမိတ်နိုင်ငံများကြား မဟာဗျူဟာမြောက် ကာကွယ်ရေး၊ မိတ်ဖက်ဆက်ဆံရေးအတွက် စံနမူနာဖြစ်စေကာ အာရပ်စော်ဘွားများပြည်ထောင်စု၏ အမျိုးသားကာကွယ်ရေးစွမ်းအားများကို ခိုင်မာအားကောင်းလာစေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**UAE to Become Regional Hub for U.S. Counter-Drone Technology with Raytheon's Coyote Production Launch ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် KJ-500 AEW&C လေယာဉ်ကို အီဂျစ်နိုင်ငံသို့ စေလွှတ်တပ်ဖြန့်ခဲ့



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်လေတပ်(PLAAF)သည် အီဂျစ်လေတပ်(EAF)နှင့် အီဂျစ်နိုင်ငံ၌ ပြုလုပ်သော Eagles of Civilization 2025 ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် KJ-500 လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ်(AEW&C)ကို အီဂျစ်နိုင်ငံသို့ စေလွှတ်တပ်ဖြန့်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

KJ-500 AEW&C လေယာဉ်ကို နိုင်ငံတကာပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပထမဦးဆုံးအကြိမ် စေလွှတ်တပ်ဖြန့်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ ပင်လယ်ရပ်ခြားလေကြောင်းစစ်ဆင်ရေးများတွင် အရေးပါသော ခြေလှမ်းတစ်ရပ်လည်းဖြစ်သည်။ Eagles of Civilization 2025 စစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုနှင့် တိုက်ပွဲဝင်လုပ်ဆောင်ရာတွင် နားလည်မှုစွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ တရုတ်နှင့် အီဂျစ် နှစ်နိုင်ငံလေတပ်များကြား ပထမဦးဆုံးအကြိမ် ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုတစ်ခုလည်းဖြစ်သည်။

KJ-500 AEW&C လေယာဉ်သည် တရုတ်လေတပ်၏ အဆင့်မြင့်ဆုံး လေကြောင်းကြိုတင် သတိပေးရေးစနစ်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ KJ-500 လေယာဉ်သည် ခေတ်သစ်ကွန်ရက်ဗဟိုပြုစစ်ဆင်ရေးတွင် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပြီး ပေါင်းစည်းတိုက်ပွဲဝင် လုပ်ဆောင်ရမည့် စစ်မြေပြင်တစ်နံတစ်လျား သတင်းအချက်အလက်များ ဆက်သွယ်ပေးပို့နိုင်မည့် ကြီးကြပ်ကွပ်ကဲမှုလေယာဉ်ကြီးလည်းဖြစ်သည်။

KJ-500 လေယာဉ်ကို ပြည်ပနိုင်ငံတစ်နိုင်ငံသို့ ပထမဦးဆုံးအကြိမ် စေလွှတ်တပ်ဖြန့်ခဲ့ခြင်းသည် တရုတ်လေတပ်၏ အဆင့်မြင့်လေယာဉ်ကြီးများ၏ အလှမ်းခွာစစ်ဆင်နိုင်မှုကို တိုးတက်ကောင်းမွန်စေရန်နှင့် မိတ်ဖက်နိုင်ငံများနှင့်အတူ နိုင်ငံတကာတာဝန်များကို ထမ်းဆောင်နိုင်သည့် တိုက်ပွဲဝင်အသင့်ဖြစ်မှုကိုပြသလိုကြောင်း သတင်းစကားပေးပို့လိုက်ခြင်းလည်းဖြစ်သည်။ တစ်နည်းဆိုသော် တရုတ်နိုင်ငံ၏ လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ်အုပ်ကြီးထွားလာမှုနှင့် မဟာဗျူဟာမြောက် လေကြောင်းစွမ်းအားများအပေါ် ယုံကြည်မှုရှိစွာအသုံးပြုနိုင်မှုကို ထင်ဟပ်စေလျက်ရှိသည်။ ယခင်က ထိုသို့သောအဆင့်မြင့်လေယာဉ်များသည် တရုတ်ပြည်တွင်းသို့မဟုတ် တရုတ်ပြည်မကြီးအနီးပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုများ၌သာပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံသို့ ယခုကဲ့သို့ စေလွှတ်တပ်ဖြန့်လိုက်ခြင်းသည် ဖြန့်ကြက်နိုင်စွမ်းနှင့် ပြည်တွင်း၊ ပြည်ပ ရှုပ်ထွေးနက်နဲသော စစ်ဆင်ရေးတာဝန်များပင် ထမ်းဆောင်နိုင်စွမ်းကို အတည်ပြုပေးလိုက်ခြင်းလည်းဖြစ်သည်။

ဧပြီလလယ်မှ မေလအစောပိုင်းထိ ကျင်းပပြုလုပ်လျက်ရှိသည့် Eagles of Civilization 2025 စစ်ရေးလေ့ကျင့်မှုသည် အီဂျစ်လေတပ်(EAF)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် လေတပ်(PLAAF)တို့ကြား ပူးတွဲတိုက်ပွဲဝင်အသင့်ဖြစ်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။

KJ-500 အဆင့်မြင့် ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ်ကို ပြည်ပနိုင်ငံထိ အောင်မြင်စွာစေလွှတ်တပ်ဖြန့်နိုင်မှုသည် တရုတ်နိုင်ငံအတွက် အရေးကြီးသော ပါဝါပျော့အောင်ပွဲတစ်ခုလည်းဖြစ်ပြီး နိုင်ငံ၏ပုံရိပ်ကိုလည်း မြှင့်တင်ပေးနိုင်သည်။ ဤစစ်ရေးလေ့ကျင့်မှုများသည် တရုတ်နှင့်အီဂျစ်ကြား မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲစေပြီး နှစ်နိုင်ငံဆက်ဆံရေးကို နက်ရှိုင်းစေကာ ကမ္ဘာလုံးဆိုင်ရာ စစ်ရေးလက်လှမ်းမီမှုကို အဆင့်မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုများကို အလေးအနက်ပြုထားကြောင်း ဖော်ပြလျက်ရှိသည်။

**Exclusive: China Deploys KJ-500 Modern Surveillance Aircraft for First Time in Joint Air Drill with Egypt. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ရက်၉၀ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် မတ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးကပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီ တစ်လအတွင်း ရက်၉၀ဆန်၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ်လ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်းရက်၉၀ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၇၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လထဲမှာ ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရက်၉၀ ဆန်အိတ်ရေ ၇၇၀၀၀ ထိတင်ပို့ ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလည်း ရက်၉၀ ဆန်တွေအဝယ်များပြီး အရင်က ထက်ပိုမို တင်ပို့ရောင်းချနေရပါတယ်။ ရန်ကုန်ဘက်ကို ကုန်ပစ္စည်းတွေတင်ပို့ရောင်းချမှု ကောင်းလာပေမယ့် ဆန်ဈေးက ငြိမ်နေပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ပြီးခဲ့တဲ့ တစ်လအတွင်း ရက်၉၀ ဆန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကဝယ်ယူမှုများခဲ့တာပါ" ဟု ညောင်တုန်းမြို့နယ် ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်မိုးမိုးကပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ရက်၉၀ဆန်များကို စနစ်တကျစစ်ဆေးသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ရက်၉၀ဆန် တစ်အိတ်လျှင် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိနေပြီး ဆန်များဝယ်ယူမှုကောင်းလာသည့်အတွက် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းလုပ်ကိုင်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်နေကြောင်း ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**


**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မိုင်းဆတ်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး



**မိုင်းဆတ် ဧပြီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းမှုတန်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာနှင့် ပန်ဟိုင်း ကျေးရွာများ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ ကောင်းမှုတန်ကျေးရွာအုပ်စု၊ ကောင်းမှုတန်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က ကောင်းမှုတန်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာနှင့် ပန်ဟိုင်းကျေးရွာများရှိကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဆတ်မြို့နယ် ဦးစီးမှူးဦးစိုင်းစိုးငွေးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၃၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကောင်းမှုတန်ကျေးရွာ၊ ဝမ်မိုင်ကျေးရွာနှင့် ပန်ဟိုင်း ကျေးရွာများရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူရှစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူရှစ်ဦး စုစုပေါင်းအသင်းသူ၊ အသင်းသား ၂၉ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၃၅ သိန်းအား နဝမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံမြေထောက်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၁၆ ဒသမ ၅၈ တင်းထွက်ရှိ



**အင်းတော် ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲကေ အားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲကေ ၃၄၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့အထိ ရာနှုန်းပြည့်ကေ ရိတ်သိမ်းပြီးစီးနေပြီး တစ်ကေလျှင် ၁၆ ဒသမ ၅၈ တင်း ထွက်ရှိကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ မြေထောက်ပဲကေ ၃၄၃၀ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိမှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီ ဖြစ်ပါတယ်။ မြေပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများ အနေဖြင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးခဲ့ကြောင်း သိရသည်။

မြေထောက်ပဲအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါရောင်းချနိုင်သဖြင့်လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။ (၂၀၆)

# မြဝတီမြို့နယ် ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဧပြီ ၂၃**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့နယ် ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ မှန်ကန်စွာ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဖားချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုသူ ၂၇ ဦးကို ငွေကျပ် ၁၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၀ ဦးကို ငွေကျပ် ၂၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၃ သန်းအား ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။ **ကိုသက်**





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)မှ ဆရာ၊ ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။



ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) လယ်ယာစက်မှုဌာနအဆောက်အအုံ(ရာပြည့်အဆောက်အအုံ)ကို တွေ့ရစဉ်။

ရှေ့ဖုံးမှအဆက်

ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိ ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံ A အဆောင်နှင့် B အဆောင် နေရာများတွင် တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု၊ ထိခိုက်မှုအနည်းငယ်သာရှိသည့် ဈေးအဆောက်အအုံ C အဆောင်နှင့် D အဆောင်ရှိ ဆိုင်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ပျဉ်းမနား အမှတ်(၁)မြို့မဈေးသည် ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြေ ၄ ဒသမ ၃၇၅ ဧကကျယ်ဝန်းပြီး ဈေးအဆောက်အအုံ A၊ B၊ C နှင့် D အဆောင်တို့မှ ဆိုင်ခန်း ၁၃၆၉ ခန်းရှိသည့်အနက် ငလျင်ဒဏ်ကြောင့် A အဆောင်နှင့် B အဆောင်တို့ ဈေးဆိုင်ခန်း ၃၉၃ခန်း ပျက်စီးသွားကြောင်းသိရသည်။ ထို့ပြင် ထိခိုက်မှုအနည်းငယ်သာရှိသည့် ဈေးအတွင်းမှအဆောက်အအုံ C အဆောင်နှင့် D အဆောင်ရှိဆိုင်ခန်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ရောင်းချခွင့်ပြုထားကြောင်း၊မြို့မဈေးကြီးအသစ်ပြန်လည်တည်ဆောက်မည့်ကာလတွင် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းအနီးရှိ အောင်မင်္ဂလာဝင်းအတွင်း ယာယီဈေးဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ရွှေချီရပ်ကွက်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) သို့ရောက်ရှိကြရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဆိုပါကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများနှင့် အခြားကျောင်းအဆောက်အအုံများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာစက်မှုဌာန အဆောက်အအုံ (ရာပြည့်အဆောက်အအုံ)၊ ကျောင်းအုပ်ကြီးရုံး၊ကရမက်ဆောင်၊ဧည့်ရိပ်သာ၊ ယင်းမာဆောင်၊ သရဖီဆောင်၊ ရွှေရောင်ခြည်ခန်းမနှင့်စာသင်ဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် မူလအဆောက်အအုံပုံစံအတိုင်းဆောက်လုပ်ရေး၊ မဆောက်လုပ်မီမြေအနေအထား စမ်းသပ်ပြီးမှ ဆောက်လုပ်ရေး၊ အနည်းငယ်ပြုပြင်ရမည့် စာသင်ဆောင်အဆောက်အအုံများ ကြံ့ခိုင်ရေးစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြုပြင်ခြင်းကို ဇွန်လကျောင်းဖွင့်ချိန်အမီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများကို လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်နှင့် တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရုံး အမှတ်(၃၀) ပြည်ထောင်စုဝန်ကြီးရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ငလျင်ဒဏ်သင့်အစိုးရအဆောက်အအုံများနှင့် မြို့ပြအဆောက်အအုံများစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် UN-Habitat ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ငလျင်ဒဏ်ခံနိုင်ပြီး ကြံ့ခိုင်မှုရှိစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင် အင်ဂျင်နီယာများမှနည်းစနစ်နှင့်အညီ စစ်ဆေးတည်ဆောက်ရန် ကိစ္စရပ်များ၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၏ အရည်အသွေးများနှင့် အသုံးပြုသည့်နည်းစနစ်များ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် အဆင့်မီဖြစ်စေရေး သတ်မှတ်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ မြို့ပြအဆောက်အအုံများသာမက စက်မှုဇုန်များအကောင်အထည်ဖော်တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက်ဖွဲ့စည်းထားရှိသည့် အသင်းအဖွဲ့အသီးသီး၏အသိအမှတ်ပြုလက်မှတ်ရ ဘာသာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ စစ်ဆေးအတည်ပြုဆောင်ရွက်နိုင်ရေးတို့အတွက် ဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူး ချုပ်တို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ပြုပြင်သွားရန်၊အရေးကြီးစာရွက်စာတမ်းများ နှင့်သင်ထောက်ကူပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန် နှင့် အခြားလိုအပ်သည် များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းရှိ ကျောင်းအုပ်ကြီး၊ဆရာ၊ဆရာမများ၊ဝန်ထမ်းများနှင့်မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုများက နေထိုင်စားသောက်မှုအခြေအနေနှင့် အခြားလိုအပ်သည်များတင်ပြရာ ဒုတိယဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်တစ်လစာထောက်ပံ့ပေးမည့်အခြေအနေနှင့်ယာယီကျောင်းရုံးခန်းအဆင်ပြေစေရေး Modular House များဖြင့် စီမံဆောင်ရွက်ပေးမည့်အခြေအနေများကို ပြောကြားကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)တွင်အဆောက်အအုံ ၉၂ လုံးရှိသည့်အနက် ရှေးဟောင်းအဆောက်အအုံ ငါးလုံးအပါအဝင် အခြားအဆောက်အအုံ သုံးလုံး စုစုပေါင်းရှစ်လုံး လုံးဝပျက်စီးဆုံးရှုံးခဲ့ပြီး နှစ်၁၀၀ပြည့်ရှေးဟောင်းအဆောက်အအုံ တစ်လုံးအပါအဝင် အခြားအဆောက်အအုံ လေးလုံး စုစုပေါင်း ငါးလုံးအန္တရာယ်ရှိသည့်အဆင့်ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား၊ ကျောင်းသူ ၄၆၁ ဦးရှိပြီး စာသင်ဆောင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းရှိ လယ်ယာစက်မှုဌာနအဆောက်အအုံ (ရာပြည့်အဆောက်အအုံ) သည် အေဒီ ၁၉၂၃ ခုနှစ်တွင် ကျောင်းသစ်အဖြစ် ဆောက်လုပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကို သံဂဟေဆက်ခြင်း၊ မော်တာစက်ပြင်ခြင်း၊ ပန်းပဲလုပ်ငန်း၊ သစ်သားလုပ်ငန်းများကို ပစ္စည်းအပြည့်အစုံဖြင့် သင်ကြားပေးခဲ့သည့်နေရာဖြစ်ကြောင်း၊ ကရမက်ဆောင်သည် အေဒီ ၁၉၂၆ ခုနှစ်တွင် ဆရာများနေထိုင်ရန်ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) ပျဉ်းမနားတပ်ရင်းတပ်ခွဲရုံးခန်း စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်ကြောင်း၊ ယင်းမာဆောင်သည် အေဒီ ၁၉၂၈ ခုနှစ်တွင် ကျောင်းသားများနေထိုင်ရန် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) ပျဉ်းမနားတပ်ရင်းတပ်ခွဲရုံးစခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ သရဖီဆောင်သည် အေဒီ ၁၉၃၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) ပျဉ်းမနားတပ်ရင်းတပ်ခွဲရုံး စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံ တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်ကလှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခု၌ မေ ၂၃ ရက်ထိ သေဆုံးသူ ၃၇၅၉ ဦး၊ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့်ပျောက်ဆုံးသူ ၁၁၄ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၇ ဦးကိုရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ပြည်ပနိုင်ငံများ၊အဖွဲ့အစည်းများ၊စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၂ ရက် ည ၇ နာရီမှ မေ ၂၃ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့International Organization For Migration-IOM(မြန်မာ) က ငလျင်ဘေးသင့်သူများအတွက် ထောက်ပံ့ပေးမည့်ရွက်ဖျင်တဲများ၊ရေသန့်စင်ဆေးပြားများ စုစုပေါင်းတန်ချိန် ၁၀ ဒသမ ၉၆ တန်၊ တရုတ် နိုင်ငံ Shenzhen Salubris Pharmaceuticals Co.,Ltd က China-Myanmar Economic Cooperation and Development Promotion Association မှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး(ခုတင် ၁၅၀၀)သို့ ပေးပို့မည့်ဆေးဝါးများ စုစုပေါင်းတန်ချိန် ၂ ဒသမ ၀၀၄ တန် အသီးသီးရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့်အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# နေပြည်တော်-တောင်ငူရထားလမ်းပိုင်းအတွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လျှပ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့် ဘူတာများပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက RBE အထူးရထားဖြင့် နေပြည်တော်ဘူတာမှ တောင်ငူဘူတာလမ်းပိုင်းတစ်လျှောက်ရှိ ရထားများအမြန်နှုန်းမြှင့်တင်နိုင်ရေးအတွက် ရထားလမ်းများ၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့်ငလျင်ဒဏ်ကြောင့် ထိခိုက်ထားသည့်ဘူတာများ ပြန်လည်မွမ်းမံတည်ဆောက်ရန်လိုအပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ဘူတာမှတစ်ဆင့် ရွာတော်ဘူတာ၊ပျဉ်းမနားဘူတာ၊ပြည်ဝင်ဘူတာ၊လောဘူတာ၊သာဝတ္ထိဘူတာ၊ရေနီဘူတာ၊ မြို့လှဘူတာ၊ သာဂရဘူတာ၊ ဆွာဘူတာ၊ ကုန်းကြီးဘူတာ၊ ရေတာရှည်ဘူတာ၊ ကျွန်းကုန်းဘူတာ၊ ကျေးတောဘူတာတို့ကိုကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးသွားသောဘူတာများ ဖြိုချရှင်းလင်းရေး၊ အကြီးစားပြင်ဆင်ရန်၊ အလတ်စားနှင့် အငယ်စားပြင်ဆင်ရန်လိုအပ်သည့် ဘူတာများကို အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေး၊ ဖျက်သိမ်းသင့်သော ဘူတာများဖြစ်နေပါက စနစ်တကျစိစစ်ပြီး တင်ပြဖျက်သိမ်းနိုင်မည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊ အသစ်တည်ဆောက်ရမည့်ဘူတာများကို ဘူတာအငယ်၊ ဘူတာအလတ်၊ ဘူတာအကြီးသတ်မှတ်ချက်အတိုင်း ဘူတာအဆောက်အအုံပုံစံဒီဇိုင်းများနှင့် Estimation များတွက်ချက်၍ အမြန်ပြန်လည်တင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သွားရန်တို့ကို အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာတွင်ဘူတာနှစ်ထပ်အဆောက်အအုံ၏ အပေါ်ထပ်ရှိ ငလျင်ဒဏ်ထိခိုက်ခံရသည့် ရထားထိန်းချုပ်ရေးရုံးနှင့်မြန်မာနိုင်ငံရထားရဲတပ်ဖွဲ့ရုံးတို့ကိုကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးနေသည့် မလိုအပ်သည့်အဆောက်အအုံအစိတ်အပိုင်းအချို့ကို ရှင်းလင်းထားရန်နှင့်လိုအပ်သည့် အတိုင်းအတာအလျောက် ပြင်ဆင်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်ကိုတွက်ချက်တင်ပြသွားရန်တို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ပြည်ဝင်ဘူတာ၊ ရေနီဘူတာ၊ မြို့လှဘူတာ၊ ကုန်းကြီးဘူတာ၊ ကျေးတောဘူတာနှင့်တောင်ငူဘူတာတို့ရှိ ပို့ဆောင်ရေးဝန်ထမ်းမိသားစုများနှင့်လည်းကောင်း၊ ရထားလမ်းပိုင်းအတွင်း မိုင်နှုန်းမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် မြို့ပြအင်ဂျင်နီယာ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ကျင်းပမည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ပါဝင်ချီတက်မည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြအဖွဲ့ ထွက်ခွာ

**နေပြည်တော် ဧပြီ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပမည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ရန် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ထိုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ မေ ၉ ရက်တွင် ကျင်းပမည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ရန်သွားရောက်သည့် ဗိုလ်မှူးချုပ်မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ ဘိလပ်မြေဈေးနှုန်းများကို ငွေကျပ် ၂၃၀၀၀ မှ ၂၀၀၀၀ ထိ လျှော့ချရောင်းချပေး






**နေပြည်တော် ဧပြီ ၂၃**

ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက နေ့စဉ်တန်ချိန် ၁၅၀၀၀ မှ ၁၈၀၀၀ ထိ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယနေ့မှစ၍ အများပြည်သူများ ဈေးနှုန်းသက်သာစွာဝယ်ယူသုံးစွဲနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခင်ဈေးနှုန်းထက်လျှော့ချကာ စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အများပြည်သူနှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ ဝန်ကြီးဌာနများ ပြန်လည်တည်ဆောက်ရေးအတွက်ဝယ်ယူမည်ဆိုပါ ယခင်ကဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချပေးနေရာမှ ယခုတစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ နှုန်းသို့လျှော့ချ၍ လည်းကောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၏ အိုးအိမ်၊ အဆောက်အအုံများပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဝယ်ယူမည်ဆိုပါက ယခင်ကဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ နှုန်းဖြင့် ရောင်းချပေးနေရာမှ ယခုတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းသို့ လျှော့ချ၍လည်းကောင်း ယနေ့မှစ၍ ရောင်းချပေးလျက်ရှိသည်။

ယခုကဲ့သို့ပြန်လည်တည်ဆောက်ရေးကာလတွင် စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရဌာန အဆောက်အအုံများအပါအဝင် အများနှင့်သက်ဆိုင်သောနေရာများအမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးနှင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ နေအိမ်အဆောက်အအုံများ မိုးမကျမီအမြန်ဆုံး ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သင့်တင့်သက်သာသည့်နှုန်းထားတစ်ခုသို့ လျှော့ချကာ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဆိုပါစက်ရုံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ထိုသို့ဈေးနှုန်းများကိုလျှော့ချပေးသည့်အတွက် တစ်ဖက်တွင်လည်းထုတ်လုပ်မှုအပိုင်း၊ ဖြန့်ချိမှုအပိုင်းနှင့် အရည်အသွေးအပိုင်းထိခိုက်မှုမရှိရေး၊လျော့ကျမှုမရှိစေရေးနှင့်သုံးစွဲသူများလက်ဝယ်အမှန်တကယ်ရောက်ရှိစေရေး နေ့စဉ်စနစ်တကျကြပ်မတ်စစ်ဆေး ထုတ်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်နှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးဝေနေမှုအားလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသကသီလရှင်ကျောင်းတိုက်၊ ဇနကရာမကိုးကန့်ကျောင်းတိုက်၊ ပန်းဘဲတန်းရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ လူနေအဆောက်အအုံများကို စုပေါင်းရှင်းလင်း ဖယ်ရှားနေမှုများအားလည်းကောင်း၊ ပါရမီရပ်ကွက်နှင့် ရန်နိုင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများ၌ ကျန်းမာရေးဆိုင်ရာများအားလည်းကောင်း၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း)တို့၌ ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအားလည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်နှင့် ရှင်ဖြူရှင်လှစေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများကို ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့အတွင်းရှိ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန် ၁၈၀ ရောက်ရှိနေမှုကိုလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်၌ ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံနှင့် မြို့မရဲစခန်းတို့တွင် ပြိုကျပျက်စီးနေသော အဆောက်အအုံများရှင်းလင်း ဖယ်ရှားနေမှုတို့ကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ပြိုကျပျက်စီးနေသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန စစ်ကိုင်းခရိုင် စီမံကိန်းဦးစီးရုံး၏ ဝန်ထမ်းအိမ်ရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန် ၁၈၀ ရောက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel ၌ အပျက်အစီးများအား စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။


အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီတော်၊ စန္ဒာမုနိဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မဟာမုနိရုပ်ရှင်တော်ကျောင်းတော်ကြီး၏ ထီးတော်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုအခြေအနေများအား ထီးတော်အနီးထိ ကရိန်း၊ဒရုန်းတို့ဖြင့်လည်းကောင်း အနီးကပ် ပတ်လည်ကြည့်ရှုစစ်ဆေး၍ ရှေးမူမပျက် မူလအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ရေး၊ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာသကျသီဟဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ သာသနာပိုင်ကျောင်းတိုက် ရတနာစံကျောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ Golden City Hotel နေရာများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (ကျောက်ဆည်)၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများ စုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများ၊ ကျောင်းအတွင်းအပြင် သန့်ရှင်းရေးလုပ်အားပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အချိုရည်နှင့်ရေသန့်ကတ်များ ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်းမြို့ကွက်(၈)အတွင်းရှိ ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးသွားသော ရှေးဟောင်းသမိုင်းဝင် နန်းဦးဘုရားအား သွားရောက်ကြည့်ရှု၍ နန်းဦးဘုရားအား ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ သောကြာကြယ် ပရဟိတပညာရေးအကူအညီ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ ဆန်နှင့်ဝတ္ထုငွေများဆက်ကပ်လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၈၀၀ ခန့် နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် Modular House များ လှူဒါန်းပွဲနှင့် ကျောက်သေတ္တာစေတီပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲတွင် အလှူငွေများလက်ခံစဉ်။

ယင်းနောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေအား လက်ခံပြီး လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

၎င်းနောက် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် (၁၅)လမ်းပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံများ ရှင်းလင်းနေမှုနှင့် စဥ့်ကိုင်မြို့ ရန်နိုင်ရပ်ကွက် ဗိုလ်တေဇလမ်းပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံများရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဧပြီ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၆၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခိုင်ချိုနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည်ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးများကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၄) ရပ်ကွက်ရှိ စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးရုံးခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်များမှစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး နှစ်ပတ်လည် အစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့သို့ ချီးမြှင့်ငွေနှင့် ဆန်အိတ်များကိုလည်းကောင်း၊ တိုင်းမှူးက စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

# ၁၂ လရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ် Block stamp အထူးထုတ် (၂၄၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်




**နေပြည်တော် မေ ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လရာသီပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ် Block stamp အထူးထုတ်(၂၄၀၀ကျပ်တန်)စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၅ ခုနှစ် မေ ၂၈ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ကဆုန်လဆန်း၂ရက်(တနင်္လာနေ့)နံနက် ၉နာရီခွဲမှစတင်၍ နေပြည်တော်ဗဟို စာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် မေ ၂၈ ရက် (တနင်္လာနေ့)တွင်ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် မာလာဝီနိုင်ငံသား သုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၃

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်း အသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် မာလာဝီနိုင်ငံသားသုံးဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများစနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မာလာဝီသမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mr.Oliver K.Chimphambano နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာသည့် မာလာဝီနိုင်ငံသား သုံးဦးကို မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၀၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ ၁၇၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄


(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြေငလျင်ကြီးမားစွာလှုပ်ခတ်မည်ဖြစ်ကြောင်း Tiktok အကောင့်မှတစ်ဆင့် မဟုတ်မမှန်သတင်းအမှားဖြန့်ဝေခဲ့သူ John (Palmistry) အကောင့်ပိုင်ရှင် ဂျွန်မိုးသဲကို ဖမ်းဆီးရမိ








JOHN(Palmistry) Tiktok Account ၏ Profile ပုံနှင့် Account ပိုင်ရှင်၏ဓာတ်ပုံ။



မဟုတ်မမှန် သတင်း အမှားများ ဖြန့်ဝေခဲ့သူ ဂျွန်မိုးသဲ ၂၁ နှစ်ကို တွေ့ရစဉ်။




ဂျွန်မိုးသဲအသုံးပြုသည့် Tiktok အကောင့်မှ မြေငလျင်နှင့်ပတ်သက်၍ Post တင်ထားမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၂၃**

၂၀၂၅ ခုနှစ် မေ ၂၁ ရက်တွင် မြေငလျင်ကြီးမားစွာ လှုပ်ခတ်မည်ဟု Tiktok အကောင့်မှတစ်ဆင့် မဟုတ်မမှန်သတင်းအမှားဖြန့်ဝေနေကြောင်းသတင်းအရ မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မုံရွာမြို့ မြဝတီရပ်ကွက် တိုးချဲ့ကွက်သစ်ရပ် နယ်မြေ(၂၁) ရွှေညောင်ပင်လမ်းရှိ နေအိမ်သို့ သွားရောက်ရှာဖွေခဲ့ရာ တရားခံ John(Palmistry)အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအားဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း မုံရွာမြို့ပေါ်၌ ပြုလုပ်သည့် ဆန္ဒပြပွဲများတွင် အကြိမ် ၂၀ ခန့်လိုက်ပါဆောင်ရွက်ခဲ့သဖြင့် မုံရွာနယ်မြေရဲစခန်းက ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူခဲ့သော်လည်း အသက်မပြည့်သူကလေးသူငယ်ဖြစ်သဖြင့် မိဘအုပ်ထိန်းမှုအောက်တွင် ကောင်းမွန်စွာနေထိုင်ရန် မုံရွာခရိုင်တရားရုံးက အမိန့်ချမှတ်ခြင်းခံခဲ့ရသူဖြစ်ကြောင်း သိရှိရသည်။

၎င်းပြင် ၂၀၂၁ ခုနှစ် မေ ၂၈ ရက်တွင် ကော့ကရိတ်မြို့မှတစ်ဆင့် KNDO တပ်ရင်း(၆)သို့ သွားရောက်ခဲ့ပြီး အဆိုပါ KNDO တပ်ရင်း(၆)၌ ဖွင့်လှစ်သည့် အကြမ်းဖက်သင်တန်းကို သင်တန်းသား ၇၅ ဦးနှင့်အတူ တက်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် အကြမ်းဖက်အဖွဲ့အစည်းများအတွက် အွန်လိုင်းမှတစ်ဆင့် အလှူငွေများ ကောက်ခံထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ၂၀၂၁ ခုနှစ် စက်တင်ဘာလ တတိယပတ်ခန့်တွင် မုံရွာမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်စဉ် အောက်တိုဘာ ၃၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရကြောင်း၊ ၎င်းနောက် နိုဝင်ဘာ ၁၄ ရက်တွင် မုံရွာမြို့ အမှတ်(၁)ရဲစခန်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ- ၅၀(ည)/၅၂(က)တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မုံရွာခရိုင်တရားရုံးက ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ထောင်ဒဏ်နှစ်နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အတွက် မန္တလေးမြို့ရှိ လူငယ်ထိန်းသိမ်းရေးသင်တန်းကျောင်း၌ ထိန်းသိမ်းစောင့်ရှောက်ခြင်းခံခဲ့ရကာ ၂၀၂၃ ခုနှစ် ဇွန်လတွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရှိရသည်။

ဂျွန်မိုးသဲအနေဖြင့် ထောင်မှ လွတ်မြောက်ပြီးနောက် ဗေဒင်လက္ခဏာပညာကို အသုံးချ၍ ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် Johnmoe5.t အမည်ဖြင့် Tiktok အကောင့်ဖွင့်လှစ်ကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့်ပတ်သက်သည့် Post များကိုလည်းကောင်း၊ မြေငလျင်နှင့်ပတ်သက်သည့် Post များကိုလည်းကောင်း အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ မဟုတ်မမှန်ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား ဥပဒေအရ ထိထိရောက်ရောက်အရေးယူသွားမည်ဖြစ်ပြီး နောင်အလားတူ မဟုတ်မမှန်သတင်းအမှားများရေးသားဖြန့်ဝေသူများကိုလည်း စိစစ်ဖော်ထုတ်၍ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းတုသတင်းမှားများကို မသမာသူများက ဖြန့်ဝေရေးသား ဖော်ပြလျက်ရှိသဖြင့် ယုံကြည်မှုမရှိရန်နှင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့်သတင်းများကို သက်ဆိုင်ရာမိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ တိကျစွာထုတ်ပြန်ပေးလျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@mtkmobile29" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သရက်ကြီးကျေးရွာနေ ချမ်းငြိမ်းအား ည ၉ နာရီ မိနစ် ၂၀ တွင် ဘုရားကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငှက်ဖျားရောဂါကင်းစင်သော လူ့အဖွဲ့အစည်းကို ဖော်ဆောင်ကြပါစို့



ငှက်ဖျားပိုးကို သယ်ဆောင်သည့် အနောဖလိစ်ခြင်ကို တွေ့ရစဉ်။

လူတိုင်းအတွက် ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုစနစ်ရရှိရေးသည် အရေးကြီးသော အကြောင်းအရာတစ်ခုဖြစ်သည်။ ကောင်းမွန်သော ကျန်းမာရေးသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ထိုသို့ ကောင်းမွန်သောကျန်းမာရေးကို ပြည်သူလူထုအားလုံး ထံလွှမ်းခြုံနိုင်ရန် ဆောင်ရွက်ရာတွင် ငှက်ဖျားရောဂါ အန္တရာယ်ကိုလည်း ကာကွယ်ရမည်ဖြစ်သည်။

ငှက်ဖျားရောဂါသည် ပလပ်စမိုဒီယမ်ဟုခေါ်သော ကပ်ပါးပိုးကြောင့် ဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်ပြီး အနောဖလိစ်ခြင်အမျိုးအစားမှတစ်ဆင့် လူသို့ ကူးစက်တတ်သည်။ ဤရောဂါသည် အထူးသဖြင့် အပူပိုင်းနှင့်သမပိုင်းဒေသများတွင် အဖြစ်များပြီး မြန်မာနိုင်ငံတွင်လည်း ကျေးလက်ဒေသများတွင် ကူးစက်မှုများသည်။ နှစ်စဉ်နှစ်တိုင်း ငှက်ဖျားရောဂါဖြစ်ပွားမှုသည် သန်း ၃၅၀ မှ သန်း ၅၀၀ ခန့်မျှရှိပြီး ရောဂါကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းမှသုံးသန်းကြားတွင်ရှိသည်။ သေဆုံးသူအများစုတွင် အာဖရိကတိုက် ဆာဟာရဒေသအတွင်းမှ ကလေးငယ်များဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ဦးဆောင်မှုဖြင့် အာဖရိကငှက်ဖျားရောဂါနေ့ (Africa Malaria Day) ကို ကမ္ဘာ့ငှက်ဖျားရောဂါနေ့ (World Malaria Day) အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ ယခင်က အာဖရိကတိုက်တွင် ငှက်ဖျားရောဂါကြောင့် လူအများအပြားသေဆုံးနေရခြင်းကို သတိပေးရန် ၂၀၀၁ ခုနှစ်မှစ၍ Africa Malaria Day ကို ကျင်းပခဲ့သော်လည်း၊ နောက်ပိုင်းတွင် ငှက်ဖျားရောဂါသည် အာဖရိကသာမက အခြားကမ္ဘာ့နိုင်ငံများတွင်ပါ ပျံ့နှံ့နေသည့်အတွက် ကမ္ဘာလုံးဆိုင်ရာအသိပညာပေးလှုပ်ရှားမှုအဖြစ် WHO က နှစ်စဉ် ဧပြီလ ၂၅ ရက်နေ့ကို ကမ္ဘာ့ငှက်ဖျားရောဂါနေ့(World Malaria Day) အဖြစ်သတ်မှတ်ကာ ကျန်းမာရေးအသိပေးလှုံ့ဆော်မှုများ စဉ်ဆက်မပြတ်ပြုလုပ်ရန်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ငှက်ဖျားရောဂါ**

ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံသို့ မည်သည့်ခေတ်ကာလက စတင်ရောက်ရှိလာသည်ဟု အတိအကျမပြောနိုင်သေးသော်လည်း အလောင်းမင်းတရားကြီးသည် တစ်ဖက်နိုင်ငံသို့စစ်ချီရာမှ ငှက်ဖျားရောဂါကြောင့်ကွယ်လွန်ခဲ့သည်ဟု သမိုင်းတွင်ဆိုထားခြင်းကြောင့် ၎င်းအဖြစ်အပျက်သည် မြန်မာနိုင်ငံ၏ ရှေးအကျဆုံးငှက်ဖျားမှတ်တမ်းဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ပြင် အင်္ဂလိပ်-မြန်မာ စစ်ပွဲများနှင့် ဒုတိယကမ္ဘာစစ်ကြီး၏မှတ်တမ်းများတွင် မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါဆိုးရွားပုံကို ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနကို ၁၉၅၃ ခုနှစ်က စတင်တည်ထောင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ ၁၀၀၀၀၀ လျှင် ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၉ ဒသမ ၈ ဦးရှိခဲ့ရာမှ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံး၌ အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့သဖြင့် ရောဂါကြောင့် ကွယ်လွန်သူဦးရေသည် သိသိသာသာကျဆင်းခဲ့သည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ လေးသိန်းကျော်ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဩဂုတ်လထိ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ တစ်သိန်းကျော်သာရှိတော့သည်။ ၎င်းကာလနောက်ပိုင်းတွင် ရောဂါဖြစ်ပွားမှုနှုန်းများလည်း ကျဆင်းလာပြီဖြစ်သည်။ သို့သော် ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအတွင်း ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ပါသည်။

ငှက်ဖျားရောဂါအမျိုးအစားများအနက် ပလပ်စမိုဒီယမ် ဖယ်စီပါရမ်နှင့် ပလပ်စမိုဒီယမ် ဗိုင်းဗက်နှစ်မျိုးသည် မြန်မာနိုင်ငံ၌ ဒုက္ခပေးလျက်ရှိသည်။ ထိုရောဂါကို အနောဖလိစ်ခြင်က သယ်ဆောင်ဖြန့်ဖြူးသည်။ ၎င်းခြင်သည် ရေသန့်၊ ရေရှင်ရှိရာဒေသတွင်လည်းကောင်း၊ တောတောင်စိမ့်စမ်းဒေသရှိ မြက်ပင်၊ ဗေဒါပင် စသည်တို့ရှိသော ရေစပ်များတွင်လည်းကောင်း၊ ချောင်းငယ်၊ မြောင်းငယ်များတွင်လည်းကောင်း ပေါက်ဖွားသည်။ ထို့ကြောင့် ငှက်ဖျားရောဂါသည် တောတောင်ဒေသနှင့်ဆက်စပ်လျက်ရှိသည်။ အထူးသဖြင့် မိုးဦးကျချိန်နှင့် မိုးကုန်ခါနီးအချိန်များတွင် ခြင်များပို၍ပေါက်ဖွားသည်။ ထို့ကြောင့် ၎င်းကာလ၌ ငှက်ဖျားရောဂါဖြစ်ပွားသူပေါများရခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို နည်းမျိုးစုံဖြင့် သုတေသနပြုနေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ငှက်ဖျားရောဂါအတွက် အထူးကြိုးစားသုတေသနပြုလျက်ရှိကြသည်။ ယခုအခါ၌ ပဲခူးရိုးမတောင်ခြေတွင် လူနှင့်ခြင်တို့၏စရိုက်ဓလေ့ကိုလေ့လာခြင်း၊ သာယာဝတီ၊ တောင်ကြီး၊ မန္တလေး စသည့်ဆေးရုံကြီးများ၌ ငှက်ဖျားရောဂါကုဆေးဝါးသစ်များ စမ်းသပ်ဖော်ထုတ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အပြင်းထန်ဆုံးငှက်ဖျားရောဂါသည် ပလပ်စမိုဒီယမ် ဖယ်စီပါရမ်ကပ်ပါးပိုးကြောင့် ဖြစ်ပွားသည်။ ပလပ်စမိုဒီယမ် ဗိုင်းဗက်၊ ပလပ်စမိုဒီယမ် အိုဗေးနှင့်ပလပ်စမိုဒီယမ်မလေးရီးယားကပ်ပါးပိုးများသည် လူတွင် အပျော့စား ငှက်ဖျားရောဂါဖြစ်စေနိုင်သော်လည်း လူကိုသေစေလောက်သည်ထိ မပြင်းထန်ပါ။ ပလပ် စမိုဒီယမ် နိုလက်ဆီမျိုးစိတ်သည် တိရစ္ဆာန်မှလူသို့ ကူးစက်သည့်မျိုးစိတ်ဖြစ်ရာ မျောက်များတွင် ငှက်ဖျားရောဂါဖြစ်စေပြီး လူသို့ပါရောဂါကူးစက်နိုင်သည်။ ငှက်ဖျားရောဂါသည် သဘာဝအားဖြင့် အနောဖလိစ်ခြင် မကိုက်၍ ရောဂါရရှိခြင်းဖြစ်သည်။ ငှက်ဖျားရောဂါရှိသူကို ခြင်ကိုက်သည့်အခါ ခြင်စုပ်ယူလိုက်သည့်သွေးပမာဏအနည်းငယ်တွင် ငှက်ဖျားပိုးပါရှိသွားသည်။ ထိုရောဂါပိုးသည် ခြင်ထဲတွင် ဆက်လက်ကြီးထွားနေပြီး၊ နောက်တစ်ပတ်အကြာ သွေးဆာ၍ အခြားရောဂါမရှိသူအား ကိုက်လိုက်သည့်အခါ ခြင်၏တံတွေးမှတစ်ဆင့် ရောဂါပိုး ဝင်ရောက်သွားသည်။ အနည်းဆုံးနှစ်ပတ်မှ လပေါင်းများစွာ (တစ်ခါတစ်ရံ နှစ်များစွာ) လူ၏အသည်းတွင် နေထိုင်ပြီးနောက် ငှက်ဖျားရောဂါပိုးသည် လူ၏ သွေးနီဥများအတွင်းတွင် စတင်၍ကောင်ရေပွားများလာသည်။ ထိုသို့ပွားများလာခြင်းကြောင့် ဖျားနာခြင်းနှင့် ခေါင်းကိုက်ခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်လာသည်။ ရောဂါပြင်းထန်သည့်အခါတွင် အခြေအနေဆိုးရွားလာပြီး မေ့မြောခြင်းနှင့် သေဆုံးသည်ထိ ဖြစ်လာနိုင်သည်။

**ရောဂါလက္ခဏာများ**

ငှက်ဖျားရောဂါ၏အဓိကလက္ခဏာများမှာ ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ အဆစ်အမျက်နာကျင်ခြင်း အော့အန်ခြင်း၊ သွေးနီဥများ ပြိုကွဲသည့်အတွက်ကြောင့် သွေးအားနည်းခြင်း ဆီးမှတစ်ဆင့် ဟေမိုဂလိုဘင်များ စွန့်ထုတ်ခြင်း၊ မျက်ကြည်လွှာပျက်စီးခြင်းနှင့် အကြောဆွဲခြင်း စသည်တို့ဖြစ်သည်။ ငှက်ဖျားရောဂါ၏ထင်ရှားသည့်လက္ခဏာတစ်ရပ်သည် ရုတ်တရက် ချမ်းလိုက်၊ တုန်လိုက်၊ ဖျားလိုက်၊ ချွေးထွက်လိုက်တို့ တစ်ခုပြီးနောက်တစ်ခုဖြစ်သည်မှာ လေးနာရီမှ ခြောက်နာရီထိကြာမြင့်တတ်ပြီး ပြန်လည်ပတ်ပြီးဖြစ်နေတတ်သည်။ ထိုသို့ဖြစ်ခြင်းမှာ ပလပ်စမိုဒီယမ်ဗိုင်းဗက်နှင့် ပလပ်စမိုဒီယမ်အိုဗေးတို့ကြောင့်ဖြစ်ပွားသော ငှက်ဖျားရောဂါတွင် နှစ်ရက်ခြားနှင့် ပလပ်စမိုဒီယမ်းမလေးရီးယားကြောင့်ဖြစ်ပွားသော ငှက်ဖျားရောဂါတွင် သုံးရက်ခြား ပြန်လည်ဖြစ်တတ်သည်။

ပလပ်စမိုဒီယမ်ဖယ်စီပါရမ်ကြောင့် ဖြစ်ပွားသော ငှက်ဖျားရောဂါသည် ၃၆ နာရီမှ ၄၈ နာရီကြာတိုင်း ပြန်ဖြစ်သည်။ သို့သော် သိသာခြင်းမရှိဘဲ အမြဲတမ်းဆက်ပြီး ဖျားနေတတ်သည်။ ငှက်ဖျားရောဂါရသည့် ကလေးသည် မကြာခဏဆိုသကဲ့သို့ ပုံမှန်မဟုတ်သည့် ကိုယ်နေကိုယ်ဟန်ထားဖြစ်နေသည်မှာ ဦးနှောက်တွင် အပြင်းအထန်ထိခိုက်ခြင်းလက္ခဏာတစ်ခုဖြစ်ပြီး ဦးနှောက်သို့ ငှက်ဖျားရောဂါပိုး ဝင်ရောက်သည့်အတွက်ဖြစ်ပေါ်လာသည့် အာရုံကြောပျက်စီးမှုသည် ကလေးသူငယ်များတွင် ပို၍စိုးရိမ်ရသည်။

ငှက်ဖျားရောဂါကြောင့် သရက်ရွက်ကြီးခြင်း၊ ပြင်းပြင်းထန်ထန် ခေါင်းကိုက်ခြင်း၊ ဦးနှောက်သို့ သွေးမရောက်ခြင်း၊ အသည်းကြီးခြင်း၊ သွေးတွင်း အချိုဓာတ်နည်းခြင်းနှင့် ကျောက်ကပ်ပျက်စီးပြီး ဟေမိုဂလိုဘင်များ ဆီးနှင့်အတူစွန့်ပစ်ခြင်းတို့ဖြစ်လာနိုင်သည်။ ကျောက်ကပ်ပျက်စီးသည့်အခါ ဆီးအမည်းရောင်သွားသော ဖျားနာခြင်းဖြစ်လာပြီး သွေးနီဥများပြိုကွဲ၍ ထွက်ပေါ်လာသည့် ဟေမိုဂလိုဘင်များသည် ဆီးအတွင်းသို့ ယိုစိမ့်ဝင်သွားသည်။ အပြင်းစားငှက်ဖျားရောဂါသည် လျင်မြန်စွာဖြစ်လာပြီး နာရီပိုင်း သို့မဟုတ် ရက်ပိုင်းအတွင်း သေဆုံးသည်ထိဖြစ်သည်။ ငှက်ဖျားရောဂါဖြစ်ပါက ဆေးမကုသဘဲထားလျှင် ဆိုးရွားပြင်းထန်သော ငှက်ဖျားရောဂါနောက်ဆက်တွဲအနေဖြင့် မေ့မြောခြင်းနှင့် သေဆုံးသည်ထိဖြစ်နိုင်သည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအတွက် ပိုမိုစိုးရိမ်ရသည်။ ထို့ပြင် အပြင်းစားငှက်ဖျားရောဂါခံစားရသည့် ကလေးသူငယ်များတွင် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားများဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။

ငှက်ဖျားရောဂါမဖြစ်စေရန် ခြင်ကိုက်ခံရခြင်းမှ ကာကွယ်ရန်အတွက် အခြေခံကျသည့်နည်းလမ်းများဖြစ်သည့် ခြင်ထောင်များ ထောင်၍အိပ်စက်ပေးခြင်းနှင့် ခြင်မကိုက်ဆေးများလိမ်းခြင်း စသည့် ကာကွယ်မှုများ၊ ခြင်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် အိမ်အတွင်း ခြင်ဆေးဖြန်းခြင်းနှင့် ခြင်များဥမချနိုင်ရန်အတွက် ရေမြောင်းများ ဆယ်ပေးခြင်းတို့ဖြင့် ရောဂါပြန့်ပွားမှုကို လျှော့ချနိုင်သည်။ ထို့ကြောင့် ငှက်ဖျားရောဂါကို ၂၀၅၀ ပြည့်နှစ်အတွင်း ကမ္ဘာပေါ်မှ အပြီးတိုင် တိုက်ဖျက်မည်ဟုရည်ရွယ်ချက်ထားပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်းကို ဧပြီ ၂၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ငှက်ဖျားရောဂါနေ့ (World Malaria Day) ကိုဂုဏ်ပြုသောအားဖြင့် ရေးသားလိုက်ရပါသည်။

**❖ငှက်ဖျားရောဂါကြောင့် သရက်ရွက်ကြီးခြင်း၊ ပြင်းပြင်းထန်ထန် ခေါင်းကိုက်ခြင်း၊ ဦးနှောက်သို့ သွေးမရောက်ခြင်း၊ အသည်းကြီးခြင်း၊ သွေးတွင်းအချိုဓာတ်နည်းခြင်းနှင့် ကျောက်ကပ်ပျက်စီးပြီး ဟေမိုဂလိုဘင်များ ဆီးနှင့်အတူစွန့်ပစ်ခြင်းတို့ဖြစ်လာနိုင်သည်။ ကျောက်ကပ်ပျက်စီးသည့်အခါ ဆီးအမည်းရောင်သွားသော ဖျားနာခြင်းဖြစ်လာပြီး သွေးနီဥများပြိုကွဲ၍ ထွက်ပေါ်လာသည့် ဟေမိုဂလိုဘင်များသည် ဆီးအတွင်းသို့ ယိုစိမ့်ဝင်သွားသည်။ အပြင်းစားငှက်ဖျားရောဂါသည် လျင်မြန်စွာဖြစ်လာပြီး နာရီပိုင်း သို့မဟုတ် ရက်ပိုင်းအတွင်း သေဆုံးသည်ထိဖြစ်သည်။ ❖**

**ကိုးကား**


- နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများ
- https://www.who.int/

ကံ့ကော်ဖြူ

ဝတ္ထုတိုကဏ္ဍ

# ပန်းချီကားပြဿနာ

**ဆလိုင်းသန်းဇော်ဝင်း**



(၁)

ဦးမှတ်ကြီးနှင့် ဦးသော်ကတို့ သူငယ်ချင်း နှစ်ယောက် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြသည်။ မတွေ့ရ မဆုံရသည်မှာ ကြာပြီဖြစ်၍ ငယ်သူငယ်ချင်းများ ဆုံတွေ့ခိုက် စကားအလုအယက် ပြောကြသည်။ နှစ်ယောက်စလုံးမှာ တစ်မြို့တည်း၊ တစ်ရွာတည်း သားချင်းများဖြစ်၏။ နှစ်ယောက်စလုံး ရန်ကုန်မြို့တွင် နေကြသော်လည်း မဆုံဖြစ်ခဲ့ကြ။

"ပြောပါအုံး။ ဘာတွေလုပ်ကိုင်စားသောက်နေလဲ သူငယ်ချင်းရ"

"ဘဝကတော့ ဒီလိုပါပဲကွာ။ ဈေးထဲမှာ ငါးခြောက်ဆိုင်လေး ဖွင့်ထားတယ်ကွ။ နေပါအုံး။ မင်းကော အရင်တုန်းကလို ပန်းချီတွေဆွဲသေးလား ငမှတ်ရ"

"အင်း ငါလဲ ရုန်းကန်လှုပ်ရှားနေရတာနဲ့ ပန်းချီ မဆွဲဖြစ်တာတောင် ကြာပေါ့"

သူငယ်ချင်းနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ပါမကျန် စကားပြောကြသည်။ တစ်ခါတစ်ခါလည်း သူတို့စကားများက ရွာဆီသို့ ရောက်သွားတတ်သည်။ ဦးမှတ်ကြီးက ပန်းချီပညာတော်သည်။ မဆီမဆိုင် အကြောင်းအရာများကိုလည်း သူတို့ပြောကြသည်။

"မင်းကို ပြောရအုံးမယ်ကွ။ ဘာလိုလိုနဲ့ ငါတို့ရွာမှာ မီးလောင်တာ နှစ်ကြိမ်တောင်ရှိသွားပြီနော်"

"အေးကွာ လူတွေက အမှတ်သည်းခြေမရှိကြဘူး။ ပထမတစ်ခါတုန်းက မိဘတွေအသုံးမကျတာကွ။ ဘယ့်နှယ်ကွာ ကလေးကို မီးပေးဆော့ခိုင်းရတယ်လို့။ တကယ်လောင်တော့ မရှိမဲ့ရှိမဲ့ စုဆောင်းထားတာလေးတွေပါသွားရော။ လူတိုင်း လူတိုင်း ပူဆွေးသောကရောက်ကြရတယ်။ နွေရာသီမှ မဟုတ်ဘူး ဘယ်ရာသီဖြစ်ဖြစ် ကလေးတွေကို မီးနဲ့ကစားခွင့် မပြုသင့်ဘူးကွ"

"ဟုတ်တယ် သူငယ်ချင်း"

"အေးလေ အဲဒီ မီးလောင်ပြီးတော့ မင်းနဲ့ငါအတူတူ ရွာက ထွက်လာကြတာပဲ မဟုတ်လားငမှတ်ရ။ ဘာလိုလိုနဲ့ ဆယ်နှစ်တောင် မကတော့ဘူး။ ကြာခဲ့ပြီပဲ"

ဦးသော်က က စကားကို ခဏရပ်ပြီး လက်ဖက်ရည် မော့သောက်သည်။ ဦးမှတ်ကြီးက အကြမ်းပန်းကန်လုံးထဲသို့ ရေနွေးငှဲ့ရင်း စကားဆက်သည်။

"ဆိုစမ်းပါအုံး။ အခုတစ်ကြိမ် လောင်တဲ့မီးက ဘယ်လိုဖြစ်တာတဲ့တုံး"

"ကြားရတာတော့ ရွာမြောက်ပိုင်းက ဒေါ်ထွားအရက်ဆိုင်ကလို့ပြောတယ်။ ထုံးစံအတိုင်းပေါ့ဗျာ။ မီးကို ကုန်စင်အောင် မငြိမ်းမိတော့ မီးကြွင်းမီးကျန်က စတာပဲ။ အဲဒီနေ့က လေကလဲ တိုက်တယ်ဆိုပဲ"

"ဩော်..."

"တော်ပါသေးရဲ့။ ခေတ်စနစ်ကလဲ တိုးတက်လာ။ လူတွေကလဲ တစ်ခါကြုံဖူးထားတော့ နွေရောက်တာနဲ့ အိမ်တိုင်းမှာ မီးချိတ်၊ မီးကတ်တွေ ဆောင်ထားကြတာရယ်၊ အုတ်ကန်တွေထဲမှာ ရေအပြည့်ဖြည့်ထားကြတာရယ်ကြောင့် သူတို့မြောက်ပိုင်းက အိမ်လေးလုံးလောက်ပဲ ပါသွားတယ်တဲ့။ နိုင်အောင် ငြိမ်းသတ်နိုင်ခဲ့ကြတယ်လို့တော့ ကြားတာပဲဗျာ"

"ဖြစ်မိရင်တော့ ဘာမှမကောင်းပါဘူးဗျာ။ မဖြစ်ခင်က ကြိုတင်ဂရုစိုက်တာ အကောင်းဆုံးပဲ"

"အေး မွန်းတည့် ၁၂ နာရီထိုးတာနဲ့ အိမ်တိုင်း မီးကို အပြီးသတ်ရမယ်။ လူငယ်တွေက သေချာမှုရှိ၊ မရှိ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး။ တွေ့ရှိရင် ပြင်းပြင်းထန်ထန် အရေးယူ။ အဲဒီလိုလုပ်မှ တော်ကာကျမယ်။ တစ်ခါ ညနေကျပြန်တော့လဲ နေအပူရှိန်ကျမှ၊ လေငြိမ်မှ ပြန်ပြီး ချက်ကြပြုတ်ကြပေါ့လေ"

ဦးမှတ်ကြီးက သူတွေးချင်ရာသို့ တွေးနေသည်။ ပြီးမှ စကားဆက်မရှိဘဲ ပြောလိုက်၏။

"မီးလောင်တာ ဟိုကောင် အေးမင်းတို့အိမ်မပါဘူးလားကွ။ ဟို ဟိုလေ ဒီကောင့်အိမ်က ဒေါ်ထွားအိမ်နဲ့ တံစက်မြိတ်ချင်းထိနေလို့ပါ"

"အေး ငါလဲ အဲဒါပဲ ပြောချင်နေတာ။ အရင်တစ်ခါလောင်တုန်းကလဲ ဒီကောင့်အိမ် ကျန်နေခဲ့တယ်။ အခုလဲ ဘေးနားအိမ်က စလောင်တာကို သူ့အိမ်ကျန်ခဲ့သတဲ့ကွာ"

"ဘယ်လိုဖြစ်ရတာတုံး"

"တစ်ရွာလုံး ပြောနေကြတာကတော့ ပန်းချီကားကြောင့်တဲ့။ သူ့အိမ်မှာချိတ်ဆွဲထားတဲ့ ပန်းချီကားက နက္ခတ်မိလို့ဆိုလား၊ ဘာလားပဲကွာ။ အတော်စွမ်းတယ်ဆိုပဲဟ"

"ဟေ ပန်းချီကားဟုတ်လား။ အဲဒါ ငါကိုယ်တိုင်ဆွဲပြီး သူတို့မင်္ဂလာလက်ဖွဲ့အဖြစ်ပေးခဲ့တာပဲ"

ဦးမှတ်ကြီးက မေးစေ့ကို လက်ဖြင့်ပွတ်ကာ စဉ်းစားရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ဦးသော်က က ဆက်ပြောသည်။

"အေး ငါ့အသိ သူဌေးတစ်ယောက်ကို စကားစပ်မိလို့ပြောပြတော့ သူဌေးက ငွေဘယ်လောက်ပဲပေးရပေးရ ဝယ်ချင်တယ်လို့ပြောတယ်"

"တကယ်လားကွ"

"ငမှတ်ရ၊ မင်း ကြံစမ်းပါအုံး။ မင်းကိုယ်တိုင်ဆွဲပြီး အလကားပေးခဲ့တဲ့ပန်းချီကားကို ပြန်ရနိုင်မဲ့နည်းလမ်း။ မင်းကောငါကောဘဝပြောင်းသွားမှာနော်။ ဟိုကောင် အေးမင်းတို့လင်မယားကို နည်းနည်းပါးပါးပေးပြီး ဝယ်ကြည့်ရင်ကော"

ဦးမှတ်ကြီးက အားရပါးရပြုံးလိုက်သည်။ ပြီးမှ သူပြော၏။

"မပူစမ်းနဲ့။ ငါရအောင်တောင်းပြမယ်။ အနုနည်းနဲ့ရရင်ရ၊ မဟုတ်ရင်တော့ ရတဲ့နည်းနဲ့လုပ်ရမှာပဲကွ။ ငါ့တာဝန်သာထားလိုက် ငသော်ရ"

"အေး ဒါဆို ငါလဲ ဒီဘက်မှာ စီစဉ်သင့်တာတွေ စီစဉ်ထားမယ်"

သူတို့သူငယ်ချင်းနှစ်ယောက် လက်ဝါးရိုက်ကာ အကြံအစည်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ကြ၏။ ထို့နောက် နှုတ်ဆက်ခွဲခွာလိုက်ကြသည်။

(၂)

ရွာသို့ အလည်ပြန်လာသော ဦးမှတ်ကြီးကို ဆွေမျိုးများက ကျေးဇူးတင်ကြသည်။ ဝမ်းပန်းတသာ ကြိုဆိုကြသည်။

"ကြည့်ပါအုံး။ မြို့သားကြီးက ဝလာလိုက်တာ။ အသားတွေလဲဖြူလို့။ အံ့ရော အံ့ရော"

"အရီးကလဲဗျာ"

"နေပါအုံး ရွာကို အလည်သက်သက်ပြန်လာတာလား။ အလုပ်ကိစ္စနဲ့လား။ အခါရာသီလဲ မဟုတ်တော့ ဆန်းနေလို့အေ"

"ကိုယ့်ရွာကိုယ်ပဲ သတိရရင်ပြန်လာရမှာပေါ့ အရီးရဲ့။ အလုပ်တွေလဲရှင်းတာနဲ့ ရွာကိုလဲမရောက်တာကြာပြီဖြစ်လို့ ပြန်လာတာပါ"

"အေးပါအေ အရီးတို့ကိုသတိရသေးလို့ ဝမ်းသာပါတယ်ကွယ်"

"ဒါနဲ့ အရီးဟိုကောင် အေးမင်းကြီးကော ရွာမှာရှိလား။ မတွေ့သလိုပဲ"

"ရှိပ့ါတော်။ မင်းသူငယ်ချင်းက နာမည်နဲ့လိုက်အောင် အေးလွန်း၊ ရိုးလွန်းတဲ့ အေးမင်းပါပဲအေ"

ဦးမှတ်ကြီးက ပြုံးသည်။ ရိုးလွန်း၊ အေးလွန်းရုံတင်မဟုတ် နုံလွန်း၊ အလွန်းသော အေးမင်းဖြစ်လေကောင်းလေဟု သူတွေးသည်။ လာရောက်နှုတ်ဆက်ကြသော ရွာသူ၊ ရွာသားများ ရှင်းသွားမှပင် ဦးမှတ်ကြီးသည် သူနှင့် ဦးအေးမင်းတို့ကြားက ဆက်နွှယ်မှုကို စဉ်းစား၏။ သူ၏ ရွာပြန်လာရခြင်း ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် အကွက်ချလေ၏။

"ငါ ဘယ်လိုပြောပြီး တောင်းရရင်ကောင်းမလဲ။ အမှန်အတိုင်းပြောပြီး တောင်းရင်တော့ ရမယ်မထင်ဘူး"

သူတစ်ယောက်တည်း စဉ်းစားခန်းဝင်၏။

"အို... ဘာပဲဖြစ်ဖြစ် ပထမနည်းနဲ့ မရရင် ဒုတိယနည်းကို သုံးရမှာပဲကွာ"

သူ့မျက်နှာမှာ လောဘရိပ်များ၊ ဒေါသရိပ်များ ရောယှက်နေ၏။ ဦးမှတ်ကြီးသည် စီစဉ်စရာရှိသည်များကိုစီစဉ်၏။ မလှမ်းမကမ်းရှိ ဘေးရွာက လူဆိုး၊ လူပေများကို တွေ့ဆုံ၍ အစီအစဉ်ဆွဲသည်။ ပထမနည်းဖြင့် အဆင်မချောလျှင် အကြမ်းနည်းဖြင့် တောင်းယူရန်ဖြစ်သည်။ ထို့အတွက်လည်း လူဆိုး၊ လူပေများကို စရန်ငွေ ကြိုတင်ပေးထားခြင်းဖြစ်သည်။ ပထမနည်းဖြင့် အောင်မြင်ခဲ့လျှင်မူ ငွေပြန်ပေးစရာမလိုဟုလည်း ပြောပြီးဖြစ်သည်။

(၃)

ဦးမှတ်ကြီးသည် ငယ်သူငယ်ချင်း ဦးအေးမင်း အိမ်သို့ ထွက်လာခဲ့၏။ ဟိုရောက်တော့ လင်မယား နှစ်ယောက်စလုံး အဆင်သင့် တွေ့ရသည်။

"လာ သူငယ်ချင်း။ မင်းရောက်နေတယ်တော့ ကြားသား။ ညနေကျမှ ငါလာခဲ့မလို့ပဲ။ မင်းလာတော့ ဝမ်းသာတယ်ကွာ"

"အေးပါ အေးမင်းရာ။ ငါသတိရနေတာ"

"ငါ့အိမ်ရောက်လို့ကတော့ ထမင်းစားပြီးမှ ပြန်ရမယ်မှတ်။ မိန်းမရေ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ် ပြင်ပါကွယ်"

"ရပါတယ်ကွာ။ ဘာမှမလိုပါဘူး။ သတိရလို့လာတဲ့ဟာပဲကွာ"

"ဩော်... မင်းက မြို့သားကြီးဖြစ်နေပြီဆိုတော့ ကော်ဖီတွေ ဘာတွေ သောက်လောက်တယ်။ ဟေ့ မိန်းမရေ။ ရွာလယ်မှာကော်ဖီထုပ်နဲ့မုန့်သွားဝယ်ပါအုံး"

"တော် ပြောတာတောင် နောက်ကျနေပေါ့။ ကျုပ်က ကြိုတောင်ဝယ်ထားပြီးပြီအေ့။ သုံးဆောင်ပါအုံးရှင်"

"နင် ဘယ်အချိန်သွားဝယ်လိုက်တာလဲ"

"ဩော်...ရှင့်သူငယ်ချင်း ရွာပြန်လာတယ်ဆိုတော့။ အိမ်အလည်ခေါ်တဲ့အခါ ဧည့်ခံဖို့ ကြိုဝယ်ထားတာပါ"

"အေးကွယ် အေးကွယ် ကောင်းတယ်"

ဦးမှတ်ကြီးသည် အိမ်ထဲတွင် ဟိုဟိုသည်သည်သို့ လိုက်ကြည့်သည်။ အထူးသဖြင့် ဘုရားစင်ဘက်သို့ ခဏခဏ ကြည့်သည်။ အိမ်ကလေးက သုံးပင်အိမ် ဝါးထရံကာကြမ်းခင်း။ အသုံးအဆောင်ပစ္စည်းများများစားစားမရှိ။ သံသေတ္တာတစ်လုံးနှင့် အိုးခွက်ပန်းကန်၊ စောင်၊ ခြင်ထောင်။ သည်လောက်ပဲ။ သို့သော် ဘုရားစင်ပေါ်တွင် ဘုရားပန်း၊ ရေချမ်း၊ ဆွမ်းတော်ခွက်နှင့် ပြည့်ပြည့်စုံစုံ။ သူ လက်ဆောင်ပေးထားသော ပန်းချီကားကို ဘုရားစင်အောက် ဝါးထရံတွင် အခန့်သားချိတ်ဆွဲထား၏။

"ငါ့အိမ်ကို လာလည်လိမ့်မယ်လို့ ထင်မထားမိဘူး။ မြို့သားကြီးက တကူးတက လာလည်တယ်ဆိုတော့ ငါတို့ တကယ်ဝမ်းသာမိတယ်ကွာ"

"ဟုတ်ပ့ါရှင် ကိုအေးမင်းဆီကို လာလည်လို့ ဂုဏ်ယူမိတယ်"

"အာ လာလည်ရမှာပေါ့။ ငယ်သူငယ်ချင်းတွေပဲဟာ"

ဦးမှတ်ကြီးသည် သူတို့အရိပ်အကဲကိုကြည့်ပြီး

စာမျက်နှာ ၂၅ သို့ ➤

# တန့်ဆည်မြို့နယ်တွင် ဆောင်းမြေပဲ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၆၂ ဒသမ ၂၅ တင်း ထွက်ရှိ



**ရေဦး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၂ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၅၃၁ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ၃၃၅၃၁ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်း ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

ပန်းချီကားပုံပြန်တောင်းရန် ဟန်ပြင်လိုက်၏။ ရိုးသားသော သူငယ်ချင်းဇနီးမောင်နှံအပေါ် ငယ်သံယောဇဉ်ပင် မငဲ့ကွက်ပေ။

"ကဲ...သူငယ်ချင်း မပြောမပြီးဆိုသလိုပဲ ငါ့မှာ လာရင်းကိစ္စရှိတယ်ကွ"

"ဩော် အေး နောက်မှပြောကွာ။ ဟိုမှာ ငါ့မိန်းမက ထမင်းပွဲပြင်ပြီးနေပြီ။ လာသွားစားကြစို့။ မစားလို့ကတော့ စိတ်ဆိုးမှာဗျ။ ကြက်သားကာလသားချက်နဲ့ မင်းစားနိုင်သလောက်စားစမ်းပါ"

"စားတာက အရေးမကြီးပါဘူး"

"လာစမ်းပါ။ ရော့ ဒီမှာ လက်ဆေး၊ လက်ဆေး။ လက်နဲ့မစားချင်ရင် ဒီမှာ ဇွန်း၊ ခက်ရင်း။ အဝစားနော် သူငယ်ချင်း။ ဘာမှ အားနာစရာ မရှိဘူး။ ဒီလူနဲ့ ဒီလူ ကိုယ့်အိမ် ကိုယ့်ရာလို သဘောထား"

"ကိုအေးမင်း တော့်သူငယ်ချင်းကို ဟင်းထည့်ပေးပါဟဲ့။ ထမင်းလိုရင်လဲပြောနော်။ ဟင်းရည်လေးလဲ သောက်ကြည့်စမ်းပါအုံး။ ပေါ့သလား၊ ငန်သလားပဲ။ ဆားလိုရင် ဒီမှာ ဆားဘူး"

"ဟာမင်းကထမင်းစားနည်းလှချည်လားကွ။ ထားခဲ့ ထားခဲ့။ ပန်းကန်တွေကို ငါတို့ဆေးလိုက်မယ်။ မိန်းမရေ လက်သုတ်ဝတ်ပေးပါကွယ်။ သွား သွား ရေနွေးနဲ့ လက်ဖက်သုပ်မြည်းရင်း စောင့်နှင့်"

"အို ထားခဲ့စမ်းပါ ထမင်းပန်းကန် ကျုပ်ဆေးလိုက်ပါ့မယ်"

"အဲဒီမှာ ဆေးလိပ်သောက်တတ်ရင် ဆေးလိပ်ကော၊ ကွမ်းကော ရှိတယ် သူငယ်ချင်း။ အေးအေးဆေးဆေး နားပါအုံး။ မင်းပြောချင်တာ ပြောရမယ်။ ငါဘယ်မှ ထွက်မပြေးပါဘူး။ စိတ်ချ"

ဦးအေးမင်းက ပြုံး၍ပြောသော်လည်း ဦးမှတ်ကြီးမှာ မပြုံးနိုင်။ သူပြောစရာရှိသည်ကိုပြောရန်၊ တောင်းရန်ကိုသာ စိတ်စောနေ၏။

"ဒီလိုကွာ သူငယ်ချင်းရာ။ အိမ်မှာ ငါ့မိန်းမ အသည်းအသန်ဖြစ်နေလို့။ သူ့အသက်ကိုကယ်ဖို့ ငါ့မှာ တစ်နည်းပဲရှိတော့တယ်ကွာ"

"ဟာ ဘယ်လိုဖြစ်ရတာလဲ သူငယ်ချင်းရာ"

ဦးမှတ်ကြီး၏ အမူအရာက ချက်ချင်းပင် ဟစ်ငိုတော့မည့်လူတစ်ယောက်အလား။ သူ့ရင်ထဲတွင်မြူးနေသည်။

"ဟုတ်တယ်။ မင်းတို့လင်မယားကယ်မှ အသက်ရှင်ရတော့မှာ။ ငါ့မိန်းမအဖြစ်က အတော်ဆိုးပါတယ်ဟာ"

"ပြောစမ်းပါ သူငယ်ချင်းရာ။ ငါတို့ကယ်နိုင်လို့ကတော့လား။ လူ့အသက်ထက်အရေးကြီးတာ ဘာရှိအုံးမှာလဲကွာ။ ဘယ်လိုကူညီရမလဲပြောသာပြော"

"ငါ့မိန်းမကကွာ မင်းဆီက ဟိုပန်းချီကားကို ပြန်လိုချင်နေတယ်။ သူ့မှာ မစားနိုင်၊ မအိပ်နိုင်နဲ့ အိပ်ရာထဲလဲနေတာ သေရပါတော့မယ်"

ဦးမှတ်ကြီးမှာ ပြောရင်း သူ့မျက်နှာကိုလက်ဖဝါးဖြင့်အုပ်ကာ ငိုဟန်ပြ၏။ ဦးအေးမင်းတို့လင်မယားမှာလည်းအံ့ဩမှင်တက်စွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ထို့နောက် စိတ်မကောင်းသော အမူအရာဖြင့် ဦးအေးမင်းက စကားဆိုသည်။

"ဒီပန်းချီကားအကြောင်းကို မင်းလဲ ကြားပြီးရောပေါ့ သူငယ်ချင်းရာ။ တစ်ရွာလုံးလဲ ကျော်နေပါပြီ။ ဒါပေမဲ့ကွာ ငါ ရွာဦးကျောင်းဆရာတော်ဆီမှာလှူဖို့ လျှောက်ထားပြီးပြီ။ ဘုန်းကြီးကျောင်းဟာ ငါတို့ရွာအတွက် အထွတ်အမြတ်ပါပဲ"

"ဟင် ငါ့မိန်းမက သေရတော့မှာပေါ့နော်။ မင်းပြောတော့ ကယ်ပါ့မယ်ဆို"

"ဆရာတော်က လှူချင်သပဆိုရင်တော့ လှူပါတဲ့။ မလှူဘဲ အခြားအကျိုးရှိမဲ့နေရာတွေမှာ အသုံးချချင်ရင်လဲ ဒကာကြီးသဘောလို့ တော့မြွက်ကြားတယ်"

"ဟာ ဒါဆို ငါ့ကို ပေးလေနော်။ ငါ့ ငါ့ ငါ့မိန်းမအသက်ကို ကယ်ပါ"

ဦးအေးမင်းက သူ့ဇနီးနှင့်တိုင်ပင်ကြည့်သည်။ သူ့သူငယ်ချင်းကိုလည်း သနားနေသည်။ ထို့နောက် လင်မယားနှစ်ယောက် ဆုံးဖြတ်ချက်ချကာ ဦးမှတ်ကြီးကို အိမ်ပြန်လျှင် ထည့်ပေးလိုက်ပါမည်ဟုပြောလိုက်လေ၏။ ဦးမှတ်ကြီးပြန်သွားသောအခါ ဦးအေးမင်းသည် ဆရာတော်ကျောင်းသို့ ထွက်လာခဲ့၏။ အကြောင်းစုံကို လျှောက်တင်တော့ ဆရာတော်က–

"အင်း မီးမြင့်ရာလောင်၊ ရေနိမ့်ရာစီးဆိုတဲ့ စကားတော့ရှိရဲ့။ ဒကာကြီးအိမ်ကို မီးကွင်းတယ်ဆိုတာ ဒကာကြီးရဲ့အိမ်ဟာ မြေနိမ့်တဲ့နေရာမှာ ရှိနေတာက တစ်ချက်၊ လေကြောင်းတိုက်ခတ်မှုလွဲတာက တစ်ချက်၊ နောက်ပြီး ဒကာကြီးရဲ့ စိတ်ကောင်း စေတနာကောင်း ကုသိုလ်ကံတွေလဲ အားကောင်းနေတယ်လို့ပဲ ဘုန်းဘုန်းတော့ ယူဆမိပါတယ်။ ပန်းချီကားတစ်ခုတည်းကြောင့်လို့တော့ ဘုန်းဘုန်း မထင်လှဘူးကွယ်" ဟု မြွက်ကြား၏။ ဦးအေးမင်းလည်း ကျေနပ်အားရစွာ ပြန်လာခဲ့လေသည်။

---

## တန်ဖိုးရှိစေ

\- မြင့်မြတ်ဂုဏ် အစဉ်စစ်
ထုဆစ်လို့ နေထိုင်လေ၊
ဉာဏ်စွမ်းရည် တန်ခိုးထွားလို့
ကြိုးစားမိတ်ဆွေ၊
လောကအလှ ဆင်မြန်းစေ
ကောင်းခြင်းတွေ ဂုဏ်ရည်တိုး၊
စိတ်ထဲတွင် များအတွက်မို့
ထမ်းရွက်သယ်ပိုး။

\- လူတိုင်းအပေါ် မေတ္တာပျိုး
ကောင်းကျိုးသို့ တည်တံ့အောင်၊
လူ့ဂုဏ်ရည် မင်္ဂလာထုံးလို့
ခြယ်မှုန်းတောက်ပြောင်၊
ကိုယ့်လုပ်ရပ် ကိုယ်သာဆောင်
ခြစ်ကုတ်နှောင် အစဉ်တွေး၊
ဖြူစင်ကြယ် သတိမပြတ်ဖို့
ကျင့်မှတ်စိတ်မွေး။

\- စိတ်သန္တာန် မြှင့်တင်ပေးပေါ့
နွေးထွေးသည့် လူ့နယ်ပယ်၊
ဖြတ်လမ်းကို ချောင်မလိုက်နဲ့
ဆိုးမိုက်ဖြစ်မယ်၊
တန်ဖိုးရှိ လူတို့ရယ်
ရိုးသားကွယ် စိတ်ရင်း၊
နှလုံးအိမ် ရင်ဝယ်ပိုက်လို့
နှစ်ခြိုက်စေမင်း။ ။

ရင်ခတ်ပန်း (စွယ်တော်)

---

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးတန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးတန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလအတွင်းက ငါးတန်ပိသာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးတန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးတန်များသည် မွေးမြူရေးငါးတန်နှင့် မြစ်ငါးတန် အမျိုးအစားများ ဖြစ်ကြောင်း သိရသည်။

"မတ် ၁ ရက်ကနေ ၃၁ ရက်ထိ ငါးတန်ပိသာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတာပါ။ ဓနုဖြူမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က မတ်လအတွင်းကော အခုလက်ရှိကော ရေထွက်ကုန်တွေ မှာယူမှု အားကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်သွက်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၁၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးတန်များကို ပိုမိုတင်ပို့ရောင်းချနေရသဖြင့် မွေးမြူသူများ၊ ငါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တန်ခူး=တာကူး

**မောင်လူမွေး(မြန်မာမှု)**

**တန်ခူး**ဝေါဟာရအရေးကို ပုဂံခေတ်က ဝိသဇ္ဇနီမပါဘဲ **"တန်ခူ"** ဟု ရေးလေသည်။ အင်းဝခေတ်ရောက်သောအခါ **"တန်းခူး"** ဟု ဝိသဇ္ဇနီပါပြီးရေးလာကြသည်ကိုတွေ့ရပေသည်။ **"တန်" = "တန်း"** ပုဒ်သည် ထန်းပင်ပင်ဟောပုဒ်ဖြစ်ပါ၏။

တပို့တွဲလ၊ တပေါင်းလအဖွင့်တွင် **"တန်"** ပုဒ်ကို ကျောက်စာ၊ မင်စာ၊နိုင်ငံ၊လူမျိုးများနှင့် တိုင်းရင်းသားဘာသာစကား ဘာသာဗေဒများဖြင့် ဖွင့်ပြခဲ့ပေပြီ။ **"ခူး"** မှာ ဆွတ်ခြွေခြင်း အနက်ပင် ဖြစ်ပေသည်။ ထို့ကြောင့် **ထန်းခူး = တန်ခူ** ထန်းဆွတ်သည်၊ ထန်းသီးဆွတ်သည့်လဟု အဓိပ္ပာယ်ရလေသည်။

ရှေးမြန်မာတို့သည် ထန်းပင်နှင့် ပတ်သက်၍ အလွန်တန်ဖိုးထားခဲ့ကြကြောင်းကို ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာ၊ မင်စာတို့တွင် ထန်းစိုက်ခြင်း၊ ထန်းလှူခြင်း၊ ထန်းပင်တို့ကို ဝေခွဲချထားခြင်း စသော အကြောင်းအရာများက သက်သေခံနေပေသည်။

ထို့ကြောင့် ဆယ့်နှစ်လရာသီများအနက် **တပို့တွဲ၊ တပေါင်း၊ တန်ခူး** သုံးလတို့၏အမည်များကို ထန်းလုပ်ငန်းနှင့်ပတ်သက်၍ စွဲမှတ်ခေါ်ဆိုခြင်း ပြုခဲ့ကြပေသည်။ သို့သော် နောက်ပိုင်းတွင် တန်ခူးဝေါဟာရတွင် တန်ခူးလနေရာ၌ **တာကူး**ဟုလည်း ရေးလာကြပေသည်။ မည်သို့ခေါ်စေ၊ ရေးစေ ထိုသုံးလသည် ရှေးမြန်မာတို့ တန်ဖိုးထားခဲ့သည့် ထန်းပင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော လများသာ ဖြစ်ပေသည်။

**တာကူး**ဟူသော အရေးကမူ ဗေဒင်ပညာရပ်ဆိုင်ရာမှ ဆင်းသက်လာသည်ဟု ဆိုရပေမည်။ **အတာကူး၊ တာကူး၊ အတာစား၊ အတာသင့်၊ အတာပြောင်း၊ အတာရာသီ**စသည်ဖြင့် အတာနှင့် ဆက်စပ်ဝေါဟာရအများစုရှိပေသည်။

**"တာ"** ဝေါဟာရမှာ အချိန်အခါဟောနှင့် နယ်ပယ်ဒေသ အဓိပ္ပာယ်ဖြစ်သည်။ သင်္ကြန်စာတွင် ရေးသော ဘာဏုရာဇာနေမင်းကြီးသည် မိန်ရာသီ ရေဝတီနက္ခတ်မှ မိဿရာသီ အာသာဝဏီနက္ခတ်သို့ စတင်ဝင်ရောက်သည် စသည်ဖြင့်ရေးသားရာ မိန်ရာသီမှ မိဿရာသီသို့ဝင်ရောက်သည့် ကာလခြားရာ အချိန်အတိုင်းအတာကိုဖော်ညွှန်းသလို နယ်ပယ်ခြားရာ၊ဒေသခြားရာကိုလည်း အဓိပ္ပာယ်ဆောင်ပေသည်။ ဤသဘောကို ဒုတိယကျော်အောင်စံထား ဆရာတော်က သူ၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင်–

"သင်္ကြန်အတာဟူသည်ကား ရောက်သောအဖို့ တာဝန်ဟူသော အနက်ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ်၊ နှစ်ဦးဆန်းခြင်းသည် တနင်္ဂနွေ၊ တနင်္လာစသည်ဖြင့် အလှည့် အလှယ် ရောက်သောအဖို့ တာဝန်ဖြစ်၍ တနင်္ဂနွေအတာ၊ တနင်္လာအတာ စသော ဆိုမိန့်ခြင်းဖြစ်၏" ဟု ဖွင့်ဆိုဖော်ပြထားလေသည်။ ထို့အတူပင် လေ့သင်းအတွင်းဝန်မင်းကလည်း ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင်–

"အချို့သူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာ ကူးပြောင်းသောကြောင့် **တာကူးလ**ဆိုသည် ယူကြ၏" ဟု ဖွင့်ဆိုလေသည်။

ဤ၌ **"တန်ခူး"** နှင့် **"တာကူး"**အရေးအခေါ်နှစ်ခုမှာ ရှေးမြန်မာကြီးများသည် ထန်းပင်ကို အကြောင်းပြု၍ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများကို တွဲ၍ ခေါ်ဝေါ်လာခဲ့ကြသော်လည်း မြန်မာတို့ ယဉ်ကျေးမှုနယ်ပယ်သို့ ဝေဒနှင့်ဆက်စပ်သော ဟိန္ဒူသက္ကတစာပေယဉ်ကျေးမှုများနှင့် ဆက်စပ်လာသောအခါ **"တန်ခူး"** နေရာတွင် **"တာကူး"** ဟု ထပ်ဆင့်၍ ဖြစ်ပေါ် ခေါ်ဝေါ်လာကြသည်ဟု သုံးသပ်ရာ၏။

တန်ခူးလမှာ ထန်းသီးဆွတ်သည့်လဟု အဘိဓာန်ဖွင့်ဆိုရာ၏။ တာကူးလမှာ နှစ်ပြောင်းသည်။ နှစ်ကူးသည်။ အချိန်ကာလပြောင်းသည်။ မိန်ရာသီဒေသမှ မိဿရာသီဒေသသို့ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုရာ၏။

ထိုသို့ ကူးပြောင်းခြင်းများကို အကြောင်းပြု၍ သင်္ကန္တဟူသော သက္ကတ–ပါဠိစာပေမှ ပါဠိပျက်အနေနှင့် "သင်္ကြန်" ဟု ခေါ်ဝေါ်လာခြင်းဖြစ်သည်။ မြန်မာလိုဆိုပါက ကူးပြောင်းခြင်းဖြစ်သည်။ ထို့ကြောင့် ကျော်အောင်စံထားဆရာတော်နှင့် လေ့သင်းအတွင်းဝန်မင်းတို့၏ ဝေါဟာရအဖွင့်ကျမ်းတို့တွင် ကာလ (အချိန်တာ) နယ်ပယ်ဒေသ (ရာသီတစ်ခုမှ ရာသီတစ်ခုသို့ ကူးပြောင်းသော နယ်ပယ်တာ) ဟုဖွင့်ဆိုထားခြင်းဖြစ်ပေသည်။

ဝေဒကျမ်းအရ ၁၂ ရာသီတွင် သင်္ကြန် ၁၂ ခါ ရှိပေသည်။ သို့သော် မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းသော နယ်ပယ်တာ၊ ကာလတာ၊ **တာကူးလ**ကိုသာ သင်္ကြန်ရေသဘင်ပွဲကြီး ဆင်နွှဲကြလေသည်။ တာကူး သင်္ကြန်နှင့် ရေသဘင်သည် ဒွန်တွဲနေပါ၏။

**❖ဤ၌ "တန်ခူး" နှင့် "တာကူး" အရေး၊ အခေါ်နှစ်ခုမှာ ရှေးမြန်မာကြီးများသည် ထန်းပင်ကိုအကြောင်းပြု၍ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများကိုတွဲ၍ ခေါ်ဝေါ်လာခဲ့ကြသော်လည်း မြန်မာတို့ ယဉ်ကျေးမှုနယ်ပယ်သို့ ဝေဒနှင့်ဆက်စပ်သော ဟိန္ဒူသက္ကတစာပေယဉ်ကျေးမှုများနှင့် ဆက်စပ်လာသောအခါ "တန်ခူး" နေရာတွင် "တာကူး" ဟု ထပ်ဆင့်၍ ဖြစ်ပေါ် ခေါ်ဝေါ်လာကြသည်ဟု သုံးသပ်ရာ၏။ တန်ခူးလမှာ ထန်းသီးဆွတ်သည့်လဟု အဘိဓာန် ဖွင့်ဆိုရာ၏။ တာကူးလမှာ နှစ်ပြောင်းသည်။ နှစ်ကူးသည်။ အချိန်ကာလပြောင်းသည်။ ❖**

ဤသို့ ရေသဘင်သင်္ကြန်ကျင်းပကြသည့် သမိုင်းကို ပုဂံဒေသ စောလှဝန်းကျောက်စာတွင် အရိပ်အမြွက်တွေ့ရပေသည်။ ပုဂံသမိုင်းကို ယေဘုယျအားဖြင့် အေဒီ–၁၁ရာစု (အနော်ရထာမင်းဆက်မှသည် အေဒီ–၁၃ ရာစု နရသီဟပတေ့မင်းလက်ထက်) အထိ ယူရာပုဂံခေတ်တွင် သင်္ကြန်ရေသဘင်ရှိနေကြောင်းကို နရသီဟပတေ့မင်းနှင့် မိဖုရားစောလုံ၏ ရာဇဝင်ဖြစ်စဉ်က သက်သေခံနေပေသည်။ (ဦးကုလား မဟာရာဇဝင်ရှု)

ဗုဒ္ဓဝင်လာ သကျသာကီဝင် မင်းမျိုးနွယ်တို့ နှစ်သစ်ကူးသမယတွင် ရေကစားကြသည်ကို တွေ့ရပေသည်။ ဗိုလ်မှူးဘရှင်၏ အနော်ရထာအရင်က မြန်မာနိုင်ငံအပါအဝင် သမိုင်းစာအုပ်များအရ အေဒီ–၉ ရာစုကပင် သင်္ကြန်ရေကစားသဘင် ရှိခဲ့ကြကြောင်း သိရပေသည်။

**"တန်ခူး"** ဝေါဟာရသည် အဓိပ္ပာယ်ရှင်းသလောက် **"တာကူး"**ဝေါဟာရသည်အဓိပ္ပာယ်နက်နဲလှပေသည်။ စာပေ၊ သင်္ချာ၊ ဝေဒ၊ နက္ခတ်ဆိုင်ရာ ရာသီဥတု နည်းပညာများနှင့် ပြက္ခဒိန်ဆိုင်ရာများ အကြောင်းအရာများ နက်နဲစွာ ပါဝင်နေပေသည်။

ကမ္ဘာသုံး ရာသီစက်ဝန်းများ (International Zodiac) တွင် Aries ဆိတ်ရုပ်၊ Taurus နွားရုပ်၊ Gemini လူစုံတွဲရုပ်၊ Cancer ကဏန်းရုပ်၊ Leo ခြင်္သေ့ရုပ် စသည်ဖြင့် အရုပ် ၁၂ မျိုးရှိ၏။ တရုတ်ရိုးရာ ရာသီခွင်တွင်လည်း ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး စသည်ဖြင့် ၁၂ ကောင်ရှိပေသည်။

အနောက်တိုင်းက တနင်္ဂနွေဂြိုဟ်ကူးပြောင်းမှုကို အခြေခံ၍လည်းကောင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယားတို့ကမူ ကြာသပတေးဂြိုဟ်ကို အခြေခံ၍လည်းကောင်း တည်ဆောက်ထားပေသည်။

မြန်မာတို့ကမူ စန်းကိုပါထည့်သွင်း၍ ၁၂ လ ရာသီ၊ နှစ်အမည်၊ လအမည်များကို ပေးလေသည်။ ပုဂံ၊ ပင်းယ၊ အင်းဝမှသည် ကုန်းဘောင်ခေတ်တိုင် ကျောက်စာ၊ မင်စာ၊ ပေစာများတွင် နှစ်၊ လအမည်များကို ရေးထိုးခဲ့ကြ၏။ သင်္ကြန်သင်္ချာတွက်ရိုး၊ ဝေဒတွက်ရိုးအရ နှစ်၊ လ အမည်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

| **နှစ်အမည်** | **လအမည်** |
|---|---|
| ဇယ၊ ဇယျ | စိတြ |
| ဝိသာခါ | ဝိသာခါ |
| ဇေဋ္ဌ | ဇေဋ္ဌ |
| အာပဃ | အာသဠ္ဍ အာသဠ္ဍ |
| ကြဝဏ | သရဝဏ် |
| အဒြ၊ ဘဒြ | ဘဒြ |
| အဿယုဇ္ဇ | အဿဝနီ |
| ကြတ္တိကာ | ကြတ္တိကာ |
| မိဂသီ | မိဂသီ |
| ဖုဿျ | ဖုဿျ |
| မာဃ | မာဃ |
| ဖဂ္ဂုဏ | ဘရဂုဏီ ဘရဂုဏီ |

အရှေ့တိုင်းဘာသာရပ်၊ မြန်မာစာ၊ သမိုင်း၊ ရှေးဟောင်းသုတေသနများအဖို့ မသိမဖြစ် အကြောင်းအရာဖြစ်ပေသည်။ သင်္ကြန်စာဖတ်သည်နှင့် နှစ်၊ လ အကြောင်းတွင် မည်သည့်နှစ်ဖြစ်သည်။ လကို မည်သည့်အကောင် "စောင့်"သည် စသည်တို့မှာ ထိုသဘောများကို ရေးထားခြင်းဖြစ်သည်။

ထိုနှစ်၏ရာသီဥတု လယ်ယာစိုက်ပျိုးရေးဆိုင်ရာများနှင့် တိုင်း၊ နိုင်ငံ၊ ဒေသ အခြေအနေများကို ဂြိုဟ်ယှဉ်၊ ဂြိုဟ်ပူး၊ ဂြိုဟ်မြင်၊ ကောဇာဂြိုဟ်သွားများနှင့် ရေးသားထားခြင်း ဖြစ်လေသည်။ ထိုအကြောင်းအရာကိုရေးရာ၌ အာသီမည်သော ဗြဟ္မာဦးခေါင်း၊ ဒေဝီနတ်သမီးခုနစ်ဖော် အဝတ်တန်ဆာ၊ အရောင်အဆင်း၊ မျက်နှာမူသောအရပ်ဒေသ၊ ဝင်ရာအရပ် စသည်တို့ကို ကဝိလမိုင်းဇာတ်လမ်းခင်း၍ ရေးသားထားပေသည်။ ဇာတ်လမ်းပါ ဇာတ်ကောင်များသည် အမှန်တကယ်မဟုတ်ဘဲ ဂြိုဟ်ပရိယာယ် နှစ်၊ လ၊ နေ့တို့၏ "သင်္ကေတ" (Symbol) မျှသာဖြစ်သည်ကို သိရာ၏။

ထိုအကြောင်းအရာကို ဖော်ပြရန်အတွက် သို့မဟုတ် ဟောချက်အတွက် မဟာသင်္ကြန်တွက်ရိုးကျမ်းများကို အဓိကထားရလေသည်။ အဠ္ဌသရဏီကျမ်း (တိုင်း၊ ပြည်နယ်၊ ဒေသ တိတ်စွဲဆိုင်ရာ)၊ ဗြိဟစ်သံဟိတကျမ်း၊ နာရဒသံဟိတာကျမ်း၊ ပါရာသျှတ္တရကျမ်း၊ ဘူမိစာလနိဒါန်းကျမ်း၊(မြေလျှင် စသည့် အဟော၊ကိတ်အဟော)သရကျမ်း၊ နေမိတ္တကဝိဇ္ဇာကျမ်း၊ ဇောတိတတ္တဗေဒင်ကျမ်း စသည်များမှာ ထင်ရှားလှပါ၏။

ထိုကျမ်းများပါ အကြောင်းအရာများကို တတ်သိနားလည်သော ပြက္ခဒိန်တော်ဆက် ဝေဒပညာရှင်များက လွှတ်တော်သို့ တင်ပြရသည်။ မင်းသို့ တင်ပြရသည်။ မင်းမိန့်ဖြင့် သင်္ကြန်စာကို ကြေညာသည်။ ရှေးမြန်မာမင်း လက်ထက်တော်မှ ယနေ့တိုင် ခေတ်အဆက်အဆက် ပြက္ခဒိန်တော်ဆက် အဖွဲ့ ရှိလေသည်။

သင်္ကြန်ကျ၊ အတာကျ၊ အတာတက်၊ အတာပြောင်း၊ အတာစား စသည်များနှင့် ဝါဆို၊ ဝါကပ်ဆိုင်ရာများ၊ ဝါထပ်ရက်ငင်၊ ဝါကြီးထပ် ဝါငယ်ထပ်၊ ပထမဝါ၊ ဒုတိယဝါ စသည်တို့မှာ လွန်စွာမှ သိမ်မွေ့လှပေ၏။ ပိဋကတ်ဝိနည်းတော်များနှင့် သင်္ကြန်တွက်ရိုးများကို ညှိ၍ လွှတ်တော်နှင့် မင်းက ဝါဆိုဝါကပ်ဆိုင်ရာကို ထုတ်ပြန်ရ၏။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာရှေးကျ၍ ကြီးမားခဲ့သော တိုင်းပြည်ကြီးနှစ်ခုကြားတွင် ရာစုနှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပါသည်။ ယဉ်ကျေးမှု အမျိုးမျိုးရှိသည့်အနက် မိမိတို့မြန်မာနိုင်ငံနှင့် သင့်တင့်လျော်ကပ်သော ယဉ်ကျေးမှုများကို နည်းယူ၍ တည်ဆောက်ခဲ့ကြလေသည်။

သင်္ကြန်ယဉ်ကျေးမှုနှင့် သင်္ကြန်တွက်ရိုးတို့သည်လည်း ဤသို့ပင် တည်ဆောက်လာခဲ့ပေသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ဗြဟ္မာဦးခေါင်းကို နတ်သမီးတို့ပိုက်ရခြင်း၊ သိကြားမင်းဆင်းခြင်း စသည်တို့သည် ယုတ္တိမရှိကြောင်းကို သိ၍ ပိဋကတ်ကျမ်းဂန်လာ ဟုတ်၊ မဟုတ်ကို သာသနာပိုင်ကို လျှောက်ထားခဲ့လေသည်။ သာသနာပိုင်ကလည်း ပိဋကတ်ကျမ်းဂန်လာ မဟုတ်ကြောင်းကိုလည်း ဖြေကြားခဲ့ပါသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ယနေ့ခေတ်ကဲ့သို့ သတင်းမီဒီယာ ပြန်ကြားရေး မရှိရကား။ တိုင်းပြည်ရေးရာကိစ္စများ၊ တောင်သူလယ်သမားစိုက်ပျိုးရေးရာကိစ္စများ၊ မိုးလေဝသဆိုင်ရာကိစ္စများသည် ဤသင်္ကြန်စာကို အားကိုးယုံကြည်ကြပေသည်။

ထို့ကြောင့် ဘိုးတော်ဘုရားသည် မင်းမိန့်ဖြင့် မပယ်ဖျက်ဘဲ သိအောင်သာ လုပ်ခဲ့ခြင်းဖြစ်ရာ၏။ သင်္ကြန်စာပါအကြောင်းအရာများနှင့် သင်္ကြန်ပွဲကို ယနေ့ခေတ်တွင် အစစအရာရာ ရှုထောင့်ကွဲပြားစွာဖြင့် ဝေဖန်ရေးသားပြောကြားကြ၏။ ပုဏ္ဏားများက ဟိန္ဒူနည်းများဖြင့် ရှေးမြန်မာတို့ကို ဂျင်းထည့်ခဲ့သည်ဟုစွပ်စွဲ၍ သင်္ကြန်စာနှင့် အတာနှစ်သစ်ကူးပွဲသဘင်ကို ဝေဖန်တိုက်ခိုက်ခဲ့သည်ကို ဖေ့ဘွတ်တွင် တွေ့ရသည်။ သင်္ကြန်ရေသဘင်ပွဲကို ဖျက်ပစ်မည်ထိ စီစဉ်ခဲ့ကြသည်ကိုပင် တစ်ဆင့်စကားကြားသိခဲ့ရသည်။

**သုတပညာ၊ နည်းတုံ့ရာဝယ်၊**
**ဝါစာနှုတ်ကောင်း၊ တထောင်းထောင်းနှင့်၊**
**ဒေါင်းမယိုက၊ ကျီးနက်လှသို့၊**
**ဗာလဟူသော၊ လူ့ငှက်ပျောကား၊**
**နှုတ်ပြောမျှသာ၊ နှစ်မပါဘူး...**ဆိုသည့်အတိုင်း မိမိတို့ယဉ်ကျေးမှုကို မမြတ်နိုးနိုင်သော မသိကျိုးကျွန်ပြုသော အနှစ်မပါသော အလှမရှိသော ကျီးနက်များသဖွယ် ဖြစ်သူများလှနေကြ၏။

အကြောင်းအရာတစ်ခုကို အကောင်းဘက်က မကြည့်နိုင်ကြ။ ပါရာဒိုင်း (Paradigm) အမြင်ဖြင့် မကြည့်တတ်သောအခါ တစ်မျိုးဖြစ်သွားနိုင်၏။ တချို့ယဉ်ကျေးမှုများ ပျောက်သွားနိုင်သည်။ ကမ္ဘာကျော် ဟိတောပဒေသစာပေကို ပုံဝတ္ထုအနေနှင့် မြင်နေသမျှကာလပတ်လုံး ပုံပြင်ဖတ်သော အဆင့်အနေသာရှိနေပေမည်။

ဟိတောပဒေသကို အကြောင်းပြု၍ အာသောကမင်းဆက်ကို တည်ဆောက်ခဲ့သည့် သမိုင်းကြောင်းကိုသိရာ၏။

သင်္ကြန်တာကူး နှစ်ကူးရေသဘင်ကို ပျော်ပွဲရွှင်ပွဲမျှသာမကပဲ ထိုနောက်ကွယ်တွင်ရှိသော ယဉ်ကျေးမှုဆိုင်ရာ စာပေနက္ခတ်ပညာ သင်္ချာတွက်ရိုး ရှုထောင့်အမျိုးမျိုးဘက်ကလည်း လေ့လာသုံးသပ်ကြည့်ရှုနိုင်ကြပါစေဟု ဆန္ဒပြု နိဂုံးချုပ်အပ်ပါသည်။

# ကလေးမြို့နယ်တွင် နေကြာကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၂၈ ဒသမ ၅၄ တင်းထွက်ရှိ



**ကလေး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၈ ဒသမ ၅၄ တင်းထွက်ရှိကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၆၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နေကြာ ၄၈၄၆၇ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိမှာ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များတယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းထံမှ သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြို့သစ် မေ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန်းကုန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းပံ့ပိုးငွေများဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ခုံးစိမ်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ခုံးစိမ်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီလ တစ်လအတွင်း ခုံးစိမ်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ် ၁ ရက်မှ ၃၁ ရက်ထိ ခုံးစိမ်း ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

''ဖျာပုံမြို့နယ်မှ ထွက်ရှိတဲ့ ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ခုံးစိမ်းတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ပိဿာချိန်အများအပြား ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ခုံးစိမ်းတွေကို ဖျာပုံမြို့နယ်ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ပင်လယ်စာခုံးများကို ဝယ်ယူကာ စနစ်တကျသန့်စင်ထုတ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကဝမြို့နယ် အေးရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အေးရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အေးရွာသစ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၄၉ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်း စစ်ဆေး

**နမ့်စန် မေ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းစိတ်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံဝန်ထမ်းများက မိုင်းစိတ် ခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ဒေသဝက်များ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF စီမံကိန်းအသင်းသား၊အသင်းသူများနှင့်တွေ့ဆုံကာ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းစိတ်ခေတ်မီစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို အစုအဖွဲ့တစ်ဖွဲ့လျှင် ကျေးလက်စီးပွားရေးလုပ်ငန်းများကို အစုအဖွဲ့တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀၊ အသင်းဝင်များ၏ မတည်ရန်ပုံငွေများဖြင့် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ပြောပြ၍ သိရသည်။

**သံသာ**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ကနေဒါနိုင်ငံ အောတဝါမြစ်ရေလျှံတက်မှုဖြစ်ပွားနေသည့်အတွက် ရေကြီးရေလျှံမှုအန္တရာယ် သတိပေးချက်ထုတ်ပြန်



အောတဝါ ဧပြီ ၂၃

ကနေဒါနိုင်ငံ အွန်တေးရီးယိုး ပြည်နယ်ကို ဖြတ်သန်းစီးဆင်းနေသည့် အောတဝါမြစ်သည် ဧပြီ ၂၂ ရက်မှစ၍ မြစ်ရေလျှံတက်မှုဖြစ်ပွားနေသည့်အတွက် အောတဝါမြစ် ထိန်းသိမ်းရေးကော်မတီက ရေကြီးရေလျှံမှုအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

အောတဝါမြစ်ရေ လျှံတက်မှုကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် နယ်မြေများမှာ မက်တဝါမြို့မှ မွန်ထရီယယ်မြို့တစ်လျှောက် ဖြစ်ကြောင်း၊ မိုးရေချိန်ပေါ်မူတည်၍ အောတဝါမြစ်ရေလျှံတက်မှု အပြောင်းအလဲရှိလာနိုင်ပြီး ရေကြီးရေလျှံမှုအန္တရာယ်သည်လည်း အပြောင်းအလဲရှိလာနိုင်ကြောင်း အောတဝါမြစ် ထိန်းသိမ်းရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

"အောတဝါမြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မြစ်ရေပမာဏနဲ့ပတ်သက်ပြီး အချိန်ပြည့်စောင့်ကြည့်တိုင်းတာနေပါတယ်။ မြစ်ရေပမာဏ ပြောင်းလဲနေမှုကိုလဲ ကော်မတီပိုင်ဝက်ဆိုက်ကနေ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေပါတယ်။ ရေကြီးရေလျှံမှုနဲ့ ရင်ဆိုင်ရတဲ့ အခြေအနေမျိုးမှာ လိုက်နာဆောင်ရွက်သွားရမဲ့ ညွှန်ကြားချက်တွေကိုလဲ ဝက်ဘ်ဆိုက်ကနေ အသိပေးထားပြီး ဖြစ်ပါတယ်။ မိုးရွာသွန်းနေဆဲဖြစ်လို့ ပူနွေးတဲ့ရာသီဥတုကြောင့် ရေခဲပြင်တွေ အရည်ပျော်ကျပြီး အောတဝါမြစ် ရေလျှံတက်မှုက အခြေအနေ ပိုဆိုးရွားလာတာ ဖြစ်ပါတယ်"ဟု အောတဝါမြစ်ထိန်းသိမ်းရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဩစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းခြေတွင် ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

ကင်ဘာရာ ဧပြီ ၂၃

ဩစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းခြေတွင် ယနေ့နံနက် အစောပိုင်းက ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း Geoscience Australia က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်သည် ယနေ့နံနက် ၂ နာရီ ၅၅ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး နယူးဆောက်ဝေးပြည်နယ် ဟန်တာချိုင့်ဝှမ်းရှိ ဆစ်ဂနယ်တန် ဒေသအနီးတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလှုပ်ခတ်ခဲ့သောငလျင်မှာ ပြင်းအားများခဲ့ပြီး ငလျင်လှိုင်းရိုက်ခတ်မှုလည်း အားကောင်းခဲ့ကြောင်း၊ ငလျင်ပြင်းအားများခဲ့သော်လည်း ငလျင်ဗဟိုချက်သည် နေအိမ်များနှင့် ဝေးကွာသည့်အတွက် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း Geoscience Australia က ထုတ်ပြန်ခဲ့သည်။

"ဒီနေ့နံနက် အစောပိုင်းက အရှေ့ဘက်ကမ်းခြေဒေသတွေမှာ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ ငလျင်ပြင်းအားက ၅ ဒသမ ၁ မဂ္ဂနီကျူရှိခဲ့တယ်။ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိပါဘူး" ဟု Geoscience Australia မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် နယူးဆောက်ဝေးပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီသို့ ဖုန်းဆက်အကူအညီ တောင်းခံမှု အမြောက်အမြားရှိခဲ့ပြီး ဖုန်းခေါ်ဆိုသည့်နေရာများသို့ ကယ်ဆယ်ရေးဝန်ထမ်းများက သွားရောက်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ငလျင်ကြောင့် ရေပေးဝေမှု ရေပိုက်လိုင်းတချို့ပျက်စီးခဲ့သဖြင့် လူနေအိမ်ခြေတချို့နှင့် အခြေခံအဆောက်အအုံ တချို့ကို ရေပေးဝေမှု ရပ်ဆိုင်းထားရကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဟိမဝန္တာတောင်တန်းရှိ နှင်းထုပမာဏကျဆင်းကာ သောက်သုံးရေအခက်အခဲဖြစ်ပေါ်

အစ္စလာမ်မာဘတ် ဧပြီ ၂၃

အာရှတိုက် ဟိမဝန္တာတောင်တန်းရှိ နှင်းထုပမာဏ ကျဆင်းလာခြင်းက ဒေသခံလူပေါင်းနှစ်ဘီလီယံကို သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်စေကြောင်း ယနေ့သတင်းများအရ သိရသည်။



ဟိမဝန္တာတောင်တန်းသည် အာရှတိုက်တွင် တည်ရှိသည့် နှင်းဖုံးတောင်တန်းတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ တရုတ်နိုင်ငံ တိဗက်ကုန်းပြင်မြင့်ထိ သွယ်တန်းလျက်ရှိကာ ဆောင်းရာသီတွင် နှင်းများ ဖုံးလွှမ်းလျက်ရှိကြောင်း၊ ပေါင်းစပ်တောင်တန်းများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာဗဟိုဌာန (ICIMOD)၏ အစီရင်ခံစာအရ ဟိမဝန္တာတောင်တန်းဒေသမှာ ယခုနှစ် ဖန်နဝါရီလ နှောင်းပိုင်းမှသာ နှင်းကျဆင်းမှု ဖြစ်ပေါ်ခဲ့သဖြင့် ပုံမှန်ထက် နောက်ကျကာ လက်ရှိနှင်းထုသည် ၂၃ နှစ်တာကာလအတွင်း အနိမ့်ဆုံးနှင်းထုဖြစ်ခဲ့ပြီး ပုံမှန်အောက် ၂၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း၊ ၂၁၀၀ ပြည့်နှစ်တွင် ၇၅ ရာခိုင်နှုန်းထိ နှင်းထုပမာဏ ကျဆင်းနိုင်ခြေရှိကြောင်း၊ နှင်းထုပမာဏ နည်းခြင်းသည် သောက်သုံးရေအတွက် နှင်းများ အရည်ပျော်ခြင်းကို မှီခိုနေရသော လူပေါင်းနှစ်ဘီလီယံခန့်ကို အကျပ်အတည်းဖြစ်စေခဲ့ကြောင်း ဖော်ပြထားသည်။

"မိုးခေါင်ရေရှားမှု ကြိုတင်ပြင်ဆင်မှုအနေနဲ့ ရေစီမံခန့်ခွဲမှုပိုင်း ပိုမိုအားကောင်းလာဖို့လိုပါတယ်။ ဒါပြင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွေ ဖွံ့ဖြိုးတိုးတက်ဖို့လဲ လိုပါတယ်။ ကာဗွန်ထုတ်လွှတ်မှုဟာ ဆီးနှင်းကျဆင်းမှုကို ကမောက်ကမ ဖြစ်စေတဲ့အတွက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချသွားဖို့လိုပါတယ်"ဟု ICIMOD ၏ ညွှန်ကြားရေးမှူးချုပ် ဂမ်ချိုက ပြောကြားခဲ့သည်။

အာရှတိုက်သည် ရာသီဥတုနှင့်ဆက်နွယ်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်မှုအများဆုံး ဖြစ်ကြောင်း မတ်လတွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီး၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KZ

# ကမ္ဘာတစ်ဝန်းရှိ ရေစက်ဝန်းတွင် မိုက်ခရိုပလတ်စတစ်များဖြင့် ပြည့်နှက်နေ

ဝါရှင်တန် ဧပြီ ၂၃

ကမ္ဘာတစ်ဝန်းရှိ ရေစက်ဝန်းတွင် မိုက်ခရိုပလတ်စတစ်များဖြင့် ပြည့်နှက်နေသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နေ့စဉ်လူမှုဘဝတွင် မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း စသောကိစ္စရပ်များတွင် အသုံးပြုသည့် နေ့စဉ်သုံးပစ္စည်းများတွင် သေးငယ်သော မိုက်ခရိုပလတ်စတစ်သို့မဟုတ် ပလတ်စတစ်အမှုန်အမွှားများဖြင့် ပြည့်နေကြောင်း၊ ပလတ်စတစ် အမှုန်အမွှားသည် သတ္တဝါအားလုံးတို့၏ ကျန်းမာရေးနှင့် ဂေဟဗေဒဆိုင်ရာခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး ရေထု၏ ဂေဟစနစ်ကိုပါ အနှောင့်အယှက်ဖြစ်စေကြောင်း သိရသည်။

"မိုက်ခရိုပလတ်စတစ်တွေ ဖြစ်စေတဲ့ အဓိကအရင်းအမြစ်ကတော့ လူသားတွေပဲဖြစ်ပါတယ်။ အဝတ်လျှော်တာ၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုးကို မကြာခဏ လဲလှယ်အသုံးပြုပြီး စည်းကမ်းမဲ့စွန့်ပစ်တာတွေကြောင့် ပလတ်စတစ်အမှုန်အမွှားတွေ ဖြစ်ပေါ်လာရတာပါ"ဟု အမေရိကန်အခြေစိုက် စိုက်ပျိုးရေး၊ အစားအစာနှင့် အသက်မွေးဝမ်းကျောင်းသိပ္ပံ ဒေသီဘမ်ပါကောလိပ်မှ လက်ထောက်ပါမောက္ခနှင့်သိပ္ပံပညာရှင် ရှန့်ခ်က ပြောကြားခဲ့သည်။

မိုက်ခရိုပလတ်စတစ်များသည် အရွယ်အစားအားဖြင့် ငါးမီလီမီတာအောက်သာ ရှိပြီး ၎င်းတို့သည် ပိုလီမာကဲ့သို့ မပျက်စီးလွယ်သော ဒြပ်ပေါင်းများဖြင့် ဖွဲ့စည်းထားကြောင်း၊ အဆိုပါ မိုက်ခရိုပလတ်စတစ်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ၎င်းတို့သည် မြစ်များနှင့် သမုဒ္ဒရာများ၏ ရေစက်ဝန်းထဲသို့ရောက်ရှိလာကာ အဆိုပါ မိုက်ခရိုပလတ်စတစ်များကို စားသုံးမိသော ရေနေသတ္တဝါများ၏ အစာခြေစနစ်နှင့် မျိုးပွားမှုကို အနှောင့်အယှက်ဖြစ်စေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

# နယူးဒေလီမြို့တွင် သုံးရက်ဆက်တိုက် အပူချိန်မြင့်တက်လာမည်ဖြစ်ကြောင်း IMD က ထုတ်ပြန်ကြေညာ

နယူးဒေလီ ဧပြီ ၂၃

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ယနေ့မှစ၍ အပူချိန်မြင့်တက်နေပြီး အပူချိန်မြင့်တက်မှုသည် သုံးရက်ဆက်တိုက်ထိ မြင့်တက်သွားနိုင်ကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိ အပူချိန်ပမာဏမှာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အမြင့်ဆုံးအပူချိန်မှာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ မြင့်တက်နေသည့် အပူချိန်ပမာဏနှင့် အမြင့်ဆုံး ရောက်ရှိနိုင်သည့် အပူချိန်ပမာဏသည် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့်အတွက် အပူအအေးမျှတအောင် နေထိုင်ရန်နှင့် ရေဓာတ်ခန်းခြောက်မှု မဖြစ်ပေါ်စေရေးအတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနက လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ထုတ်ပြန်ထားကြောင်း သိရသည်။

"နယူးဒေလီမြို့မှာ ဒီနေ့က စပြီးတော့ အပူလှိုင်းကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုဟာ သုံးရက်ဆက်တိုက် ဖြစ်ပေါ်လာနိုင်ပါတယ်။ အခြေအနေအရ ဒီထက်လဲ ပိုကြာသွားနိုင်တယ်။ အပူချိန်ပမာဏဟာ ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၂ ဒီဂရီစင်တီဂရိတ်ကနေ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အမြင့်ဆုံးအပူချိန်ပမာဏကတော့ ၄၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိသွားနိုင်ပါတယ်။ အမြင့်ဆုံး အပူချိန်ပမာဏကတော့ ဧပြီ ၂၅ ရက်နဲ့ ၂၆ ရက်တို့မှာ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု IMD မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

# အဂတိကင်းကွာလွန်ချမ်းသာ... အပိုင်း (၁၀)

လင်းလက်

**အမှား၊ အမှန်သိရန်လို**

ပညာနှင့်ကိုယ်ကျင့်တရားသည် ကမ္ဘာကြီးကို စောင့်ရှောက်နေသည့် ကမ္ဘာစောင့်တရား နှစ်ပါးပင်ဖြစ်သည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ အမှား၊ အမှန်ကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိသည့် ပညာဉာဏ်မရှိပါက မိမိ၏လုပ်ရပ်များကို လူ့ကျင့်ဝတ်နှင့်မညီဘဲ ဆောင်ရွက်စေသဖြင့် ကိုယ်ကျင့်တရားကို ထိခိုက်စေပြီး လူမှုပတ်ဝန်းကျင်ကို အကျိုးယုတ်စေမည့်လုပ်ရပ်များကို ဆောင်ရွက်တတ်သည်။ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ဆောင်ရွက်ရသည့် အချိန်တွင်လည်း အကြောင်းအခြင်းအရာ အပြည့်အစုံကို ဂဃနဏမသိ ပညာဉာဏ်နည်းပါးကာ ပိုင်းခြားဝေဖန်နိုင်စွမ်းမရှိဘဲ ဆုံးဖြတ်ဆောင်ရွက်သည့်အခါ အမှန်တရားနှင့်သွေဖည်သွားနိုင်သည်။

ပညာဉာဏ်နည်းသူ ကိုယ်ကျင့်သီလ အားနည်းသူသည် အမှား၊ အမှန်ကို ပိုင်းခြားဝေဖန်နိုင်စွမ်းကင်းမဲ့သွားပြီး မောဟတရားများထူပြောသွားတတ်သည်။ မောဟထူပြော၍ မလုပ်သင့်၊ မလုပ်ထိုက်သည်ကိုမသိဘဲ ပြုလုပ်လိုက်သည့် လုပ်ရပ်တိုင်းသည် လူကျင့်ဝတ်များနှင့်သွေဖည်သွားစေပြီး အမှန်တရားနှင့်ကင်းဝေးစေကာ မောဟာဂတိကိုဖြစ်စေတတ်သဖြင့် သတိပြုဆင်ခြင်သင့်ကြောင်း မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ ပညာဉာဏ်နည်း၍ တွေဝေမိုက်မဲသော လုပ်ရပ်များကို လုပ်ဆောင်တတ်သကဲ့သို့ ပညာဉာဏ်ကြီးရင့်သူဖြစ်လင့်ကစား လောဘစိတ်နှင့် ဒေါသစိတ်တို့ကြောင့် တွေဝေမိုက်မဲမှုကိုဖြစ်စေပြီး မောဟာဂတိကို ကျူးလွန်ကာ ဘက်လိုက်ဆောင်ရွက်မိတတ်ကြသည်။

**လောဘကြောင့် မောဟဖြစ်စေသည်**

မောဟတရားကိုဖြစ်စေသည့် အခြေခံအကြောင်းတရားများတွင် လောဘသည် တစ်ခုအပါအဝင်ဖြစ်သည်။ လောဘအားကြီးလွန်းသူသည် အမှား၊ အမှန်ပိုင်းခြားနိုင်စွမ်းကင်းမဲ့ကာ မောဟတရားများဖုံးလွှမ်းသွားပြီး လောဘ၏စေရာနောက်သို့ လိုက်ပါကာ ဘဝပင်ပျက်စီးတတ်သဖြင့် ဆင်ခြင်အပ်သည်။ လောဘစိတ်ကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့သွားသည့် အချိန်တွင် ပြုလုပ်မိတတ်သည့် လုပ်ရပ်များသည် မိမိကိုဒုက္ခဖြစ်စေသောအရာများပင်ဖြစ်တတ်သည်။ လောဘတရားကို မှန်ကန်စွာဖယ်ရှားနိုင်သူသည် မှန်ကန်သည့်လုပ်ရပ်များကိုသာ လုပ်တတ်သဖြင့် ဒုစရိုက်လုပ်ငန်းများနှင့် ကင်းဝေးသွားတတ်သည်။ မြတ်စွာဘုရားရှင်က ဥဘတောဘဋ္ဌဇာတ်တွင် လောဘကြောင့် မောဟတရားဖုံးလွှမ်းသွားပြီး မလုပ်သင့်၊ မလုပ်ထိုက်သည်များကို လုပ်မိ၍ အကျိုးများစွာ ဆုံးရှုံးရနိုင်ကြောင်းကို ဟောကြားခဲ့သည်။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်ကာလတွင် ဘုရားအလောင်းသည် ရုက္ခစိုးနတ်ဖြစ်လေသည်။ တစ်နေ့သောအခါတွင် တံငါရွာတစ်ရွာမှ တံငါသည်တစ်ဦးသည် ဘုရားအလောင်း ရုက္ခစိုးနတ်မင်းရှိရာ သစ်ပင်အနီးမှ ရေကန်အတွင်း၌ ငါးမျှားချိတ်ဖြင့် ငါးမျှားခြင်းကို ဆောင်ရွက်နေသည်။ ထိုအချိန်တွင် ငါးမျှားချိတ်သည် ရေစီးနှင့်အတူ မျှောပါပြီး ရေအောက်တွင်ရှိသော သစ်ငုတ်တစ်ငုတ်နှင့်ငြိတွယ်၍ နေလေသည်။ ငါးမျှားချိတ်ကို အားဖြင့်ဆွဲသော်လည်းမရသဖြင့် ပညာဉာဏ်နည်းသော တံငါသည်သည် မိမိ၏ငါးမျှားချိတ်တွင် အလွန်တရာကြီးသော ငါးတစ်ကောင်မိနေသည်ဟု ထင်မှတ်မှားမိလေသည်။ ပညာဉာဏ်နည်းပြီး လောဘစိတ်များသော တံငါသည်သည် ထိုငါးကြီးကို မိမိတို့တစ်ဦးတည်းသာစားလိုပြီး တံငါသည်တို့၏ထုံးစံအရ အိမ်နီးနားချင်းများကို ဟင်းစားမျှပင် မပေးလိုသဖြင့် အတူပါလာသည့် သားငယ်ကိုစေလွှတ်ကာ ဇနီးဖြစ်သူအား အိမ်နီးနားချင်းများနှင့် ရန်ဖြစ်ထားရန် မှာကြားလိုက်လေသည်။

**မောဟတရားကြောင့် မှားလေပြီ**

ရေထဲတွင်ရှိသော ငါးမျှားချိတ်တွင် အမှန်တကယ်ကြီးမားသော ငါးတစ်ကောင်မိနေသည်ဆိုပါက တံငါသည်တစ်ဦးတည်း ဖမ်း၍ရနိုင်မည်မဟုတ်သဖြင့် လုပ်ဖော်ကိုင်ဖက်တံငါသည်များကို အကူအညီတောင်းခံရမည်ဖြစ်သည်။ သို့ရာတွင် မိမိ၏ငါးမျှားချိတ်တွင် ငါးမိနေသည်ဆိုသည့် လောဘစိတ်ကြောင့် စဉ်းစားဆင်ခြင်နိုင်စွမ်းကင်းမဲ့သွားသော တံငါသည် သည် ငါးမျှားချိတ်ရှိနိုင်မည့်နေရာသို့မှန်း၍ ရေထဲသို့ တစ်ရှိန်ထိုး ဒိုက်ပင်ပစ်ချလိုက်လေသည်။ ငါးမျှားချိတ်သည် ငါးမိနေခြင်းမဟုတ်ဘဲ ရေအောက်တွင်ရှိနေသည့် သစ်ငုတ်စွန်းနှင့်ညှိနေခြင်းသာဖြစ်သဖြင့် အရှိန်ဖြင့်ထိုးဆင်းသွားသော တံငါသည်သည်လည်း

> ❖ မြတ်ဗုဒ္ဓ၏တရားများသည် လောကတွင် ဖြစ်လေ့ဖြစ်ထရှိသော မကောင်းမှု ဒုစရိုက်များကို တားမြစ်နိုင်ရေး ဟောကြားခဲ့ခြင်းဖြစ်သကဲ့သို့ ယနေ့အချိန်ထိ မှန်ကန်နေသည်ကိုတွေ့ရသည်။ ယနေ့အချိန်တွင် လောဘ၏အလိုသို့လိုက်ပါသွားပြီး လောဘ၏သားကောင်းများ ဖြစ်မှန်းမသိဖြစ်သွားကြရသောသူများသည် "ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလိုခြင်း"နှင့် "တံစိုးလက်ဆောင် လက်ခံမိခြင်း" တို့ကြောင့် ဆင်ခြင်တုံတရားများကင်းမဲ့သွားပြီး မလုပ်သင့်မလုပ်ထိုက်သည်များကို ဆုံးဖြတ်လုပ်ကိုင်မိခြင်းကြောင့် ဥပဒေအရ အရေးယူခြင်းခံရသည့် ဖြစ်စဉ်များကိုလည်း တွေ့ရသည်။ ❖

သစ်ငုတ်စွန်းနှင့်သာခိုက်မိသည်ဖြစ်သဖြင့် မျက်စိနှစ်လုံးစလုံးကွယ်သဖြင့် ဒုက္ခအတိရောက်လေသည်။

အကယ်၍သာ မိမိငါးမျှားချိတ်တွင် ငါးမိနေသည်ဟု ထင်မြင်ယူဆမိသည်ဆိုပါကလည်း ဘဝတူလုပ်ဖော်ကိုင်ဖက် တံငါသည်များကို အကူအညီတောင်း၍ အတူမျှဝေစားသောက်လိုသောစိတ်ဖြင့် ရေထဲသို့ ဖြည်းညင်းစွာဆင်း၍ ရှာဖွေမည်ဆိုပါက သစ်ငုတ်နှင့်ငြိနေသော ငါးမျှားချိတ်ကို စမ်းမိနိုင်မည်ဖြစ်သည်။ မိမိတစ်ဦးတည်းသာ ရယူပိုင်ဆိုင်လိုသည့် လောဘစိတ်ကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့သွားသည့်အခါ စဉ်းစားဆင်ခြင်နိုင်စွမ်းတို့ကလည်း ကင်းမဲ့သွားမည့် မောဟတရားဖြင့် ဆုံးဖြတ်လုပ်ကိုင်လိုက်သည့် လုပ်ရပ်သည် မျက်စိနှစ်လုံးစလုံး ဆုံးရှုံးရသည့်အဖြစ်သို့သာ ဦးတည်သွားလေသည်။ မိမိအနားတွင်ရှိသောသားငယ်ကိုလည်း ဇနီးဖြစ်သူထံစေလွှတ်ထား၍ ကူပါကယ်ပါ အော်၍ခေါ်နေသော်လည်း မည်သူကမျှ ကယ်တင်ရန်ရောက်မလာတော့သဖြင့် အတိဒုက္ခရောက်၍နေလေသည်။

တံငါသည်၏ဇနီးဖြစ်သူကလည်း လွန်စွာကြီးမားသည့် ငါးကြီးတစ်ကောင်ရမည်ဆိုသည့် လောဘစိတ်ကသာ ကြီးစိုးသွားပြီး "ထိုငါးကို မိမိ၏ခင်ပွန်းဖြစ်သူ အမှန်တကယ်ရနိုင်၊ မရနိုင်၊ တစ်ဦးတည်းရအောင် မယူနိုင်ပါက မည်သို့အကူအညီတောင်းမည်" စသည့် မှန်ကန်သည့်အတွေးများမရှိတော့ပေ။ အခြားသူများကို ဟင်းစားမျှပင် မျှဝေမပေးချင်တော့ဘဲ မိမိတစ်ဦးတည်းကသာ ထိုငါးကြီးကို ရယူလိုသည့်စိတ်များဖြစ်ပေါ်လာကာ မောဟတရားဖြင့် အိမ်နီးနားချင်းများနှင့် ရန်ဖြစ်ရန်ကြံစည်လေသည်။ လောဘတရားက လူကိုအနိုင်ယူသွားသည့်အခါ စဉ်းစားဆင်ခြင်နိုင်စွမ်းများကင်းမဲ့သွားပြီး မောဟတရားဖြင့် ပြုလုပ်မိသောလုပ်ရပ်များသည် အမှားများသာလျှင်ဖြစ်တတ်သည်ကို ပညာဉာဏ်နည်းသော တံငါသည်၏ဇနီးသည် တွေးတောနိုင်စွမ်းမရှိတော့ပေ။

မောဟတရားများကြောင့် ပိုင်းခြားဝေဖန်နိုင်စွမ်းကင်းမဲ့သွားပြီး လောဘစေရာဆောင်ရွက်နေရသည့် တံငါသည်၏ ဇနီးဖြစ်သူသည် "နားတစ်ဖက်၌ ထန်းရွက်နားဒောင်းကိုဝတ်ဆင်၍ မျက်စိတစ်ဖက်ကို အိုးမဲသုတ်ကာ အိမ်၌မွေးထားသော ခွေးကလေးကို ရင်ခွင်ပိုက်လျက်" အိမ်နီးနားချင်းများထံသွားရောက်လေသည်။ အိမ်နီးနားချင်းများက "ထိုကဲ့သို့လုပ်ခြင်းသည် မသင့်တော်ကြောင်းနှင့် အရူးများသာ ထိုကဲ့သို့လုပ်တတ်ကြောင်း" ပြောရာတွင် မိမိလိုချင်သော အကွက်ဝင်သွားသောအခါတွင် "မိမိအား အရူးဟုစွပ်စွဲသလား"ဟုဆိုကာ အိမ်နီးနားချင်းများနှင့် ခိုက်ရန်ဖြစ်ပွားလေသည်။ ရွာကိုအုပ်ချုပ်သည့်ရွာစားထံသို့ ရောက်သည်ရှိသော် ရွာစားက ထိုကဲ့သို့ဝတ်ဆင်ခြင်းသည် မသင့်တော်သည်မှာ မှန်ကန်ကြောင်းနှင့် အကြောင်းမရှိ အကြောင်းရှာ၍ အိမ်နီးနားချင်းများနှင့် ရန်ဖြစ်သည်ဟုဆုံးဖြတ်ကာ ဒဏ်ရိုက်လေသည်။

**မောဟကို ပယ်ခွာ**

ထိုအခြင်းအရာ အလုံးစုံကို ဘုရားလောင်း ရုက္ခစိုးနတ်မင်းမြင်လေသော် တံငါသည်လင်မယားသည် လောဘကြီးလွန်း၍ အမှား၊ အမှန်ဝေဖန်နိုင်စွမ်းပါကင်းမဲ့သွားသဖြင့် မောဟတရားများကြောင့် ဘဝပျက်ရသည်ကိုမြင်သော် တရားပြရန် ကြံစည်လေသည်။ တံငါသည်ထံသွားရောက်၍ "သင်သည် လောဘစိတ်ကြောင့် မောဟတရားများ ဖုံးလွှမ်းသွားပြီး မလုပ်သင့် မလုပ်ထိုက်သော အလုပ်များဖြစ်သည့် မိတ်ကောင်းဆွေကောင်းတို့နှင့် ခိုက်ရန်ဖြစ်ပွားခြင်းအမှုကိုပြုစေသည်။ မောဟထူပြောပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းကင်းမဲ့သည့် သင်၏လုပ်ရပ်ကြောင့် သင်၏မိတ်ဆွေများလည်း ဆုံးရှုံးရသည်။ သင်၏ဇနီးသည်လည်း အရေးယူခြင်းခံရသည်။ သင်သည်ကား စက္ခုနှစ်ကွင်း အလင်းမရခြင်းအဖြစ်သို့ ရောက်ရှိသွားလေသည်။ လောကတွင် မောဟတရားများကြောင့်ဖြစ်သော အမှားအမှန်ကို မသိပိုင်းခြားဆင်ခြင်နိုင်စွမ်းကင်းမဲ့သော လုပ်ရပ်များသည် ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်စေသည်"ဟု တရားပြဆုံးမလေသည်။

မောဟသည် လူတို့၏ဘဝကို "သုခ" ဆိုသည့် ချမ်းသာခြင်းထက် "ဒုက္ခ" ဆိုသည့် ဆင်းရဲခြင်းတို့ကိုသာပေးလေ့ရှိသည်။ အသိဉာဏ်ပညာနှင့်ပြည့်စုံသည့် ပညာရှိများသည်ပင် လောဘတရားများကို ပယ်ခွာနိုင်ခြင်းမရှိဘဲ ပစ္စည်းဥစ္စာများအပေါ်တွင် တပ်မက်သည့် စိတ်များဖြစ်ပေါ် လာသည့်အခါတွင် တံစိုးလက်ဆောင်လက်ခံခြင်းကအစပြု၍ အဂတိလိုက်စားမှုများကို ကျူးလွန်လာတတ်ကြသည်။ လောဘစိတ်ဖြင့် တံစိုးလက်ဆောင်လက်ခံခြင်းကအစပြု၍ ပစ္စည်းဥစ္စာများကို ရယူလိုသည့်စိတ်များဖြစ်ပေါ်လာသည့်အခါ အမှား၊ အမှန်ကို ပိုင်းခြားဝေဖန်နိုင်စွမ်းကင်းမဲ့သွားပြီး မောဟာဂတိလိုက်စားကာ ဆုံးဖြတ်ချက်များကို ဘက်လိုက်ဆုံးဖြတ်တတ်သဖြင့် ဆင်ခြင်ကြရန် လိုအပ်သည်။ လောဘစိတ်သည် လူတို့ကိုပူလောင်စေပြီး ပစ္စည်းဥစ္စာများအပေါ်တွင် တပ်မက်သည့်စိတ်များဖြစ်ပေါ်စေကာ ဆုံးဖြတ်လုပ်ကိုင်မှုတိုင်းကို အမှန်တရားနှင့်သွေဖည်သွားစေတတ်သဖြင့် သတိပြုဆင်ခြင်ကြရန် လိုအပ်သည်။

**မှန်သောလမ်းကို လျှောက်နိုင်ဖို့**

မြတ်စွာဘုရားရှင်က သိဂါလ သတို့သားကို လူ့ကျင့်ဝတ်တရားများကို ဟောကြားခဲ့ရာတွင် "အမှားအမှန်ကို ပိုင်းခြားဝေဖန်နိုင်စွမ်းကင်းမဲ့ပြီး ဘက်လိုက်ဆုံးဖြတ်ခြင်းသည် မောဟာဂတိလိုက်စားခြင်းဖြစ်ကြောင်းနှင့် မောဟတရားများဖုံးလွှမ်းသွားပြီး တရားဓမ္မများနှင့်ဝေးကွာစေသည့် အဂတိလိုက်စားမှုများကို ကျူးလွန်မိမည်ဆိုပါက မိမိရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာများနှင့် အခြံအရံ အကျော်အစောအပေါင်းတို့သည် လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါး ဆုတ်ယုတ်လာသကဲ့သို့ ပျက်စီးဆုံးရှုံးသွားနိုင်သဖြင့် မောဟတရားကို သတိထားသင့်ကြောင်း" ဟောကြားခဲ့သည်။ မြတ်ဗုဒ္ဓ၏တရားများသည် လောကတွင် ဖြစ်လေ့ဖြစ်ထရှိသော မကောင်းမှု ဒုစရိုက်များကို တားမြစ်နိုင်ရေး ဟောကြားခဲ့ခြင်းဖြစ်သကဲ့သို့ ယနေ့အချိန်ထိ မှန်ကန်နေသည်ကိုတွေ့ရသည်။ ယနေ့အချိန်တွင် လောဘ၏အလိုသို့လိုက်ပါသွားပြီး လောဘ၏သားကောင်းများ ဖြစ်မှန်းမသိဖြစ်သွားကြရသောသူများသည် "ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလိုခြင်း"နှင့် "တံစိုးလက်ဆောင်လက်ခံမိခြင်း"တို့ကြောင့် ဆင်ခြင်တုံတရားများကင်းမဲ့သွားပြီး မလုပ်သင့်မလုပ်ထိုက်သည်များကို ဆုံးဖြတ်လုပ်ကိုင်မိခြင်းကြောင့် ဥပဒေအရ အရေးယူခြင်းခံရသည့် ဖြစ်စဉ်များကိုလည်း တွေ့ရသည်။

လုပ်ငန်းဆောင်ရွက်မှုတိုင်းတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရသော်လည်း မောဟတရားဖုံးလွှမ်းသွားသူတို့သည် အမှားအမှန်မသိဘဲ ဆောင်ရွက်မိသဖြင့် ဆုံးရှုံးမှုများကိုသာဖြစ်စေသည်။ သက်ဆိုင်ရာနယ်ပယ်မှ ပါဝင်ပတ်သက်သူများ၏ အခွင့်အရေးကို ထိခိုက်စေသကဲ့သို့ ကိုယ်တိုင်လည်း အရေးယူခံရနိုင်သည်ကို သတိပြုသင့်သည်။ မည်သည့်ကိစ္စရပ်ကိုမဆို ဖြစ်ပွားရသည့်အခြေခံအကြောင်းရင်းနှင့် အရင်းအမြစ်ကို တိကျစွာသိမှသာ ဆုံးဖြတ်လုပ်ဆောင်ကြရသည်။ သို့ရာတွင် မောဟတရားများဖုံးလွှမ်းနေသူသည် ဆင်ခြင်တုံတရားနှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းတို့ကင်းမဲ့သွားပြီး စိတ်ထဲရှိသလို ဆုံးဖြတ်လုပ်ဆောင်မိတတ်သဖြင့် ဆုံးရှုံးမှုများစွာဖြစ်တတ်သည်။ လုပ်ငန်းဆောင်ရွက်မှုများကို မောဟတရားများကင်းစွာဖြင့် ဆောင်ရွက်ကြခြင်းဖြင့် အဂတိတရားများကင်းကွာ၍ ချမ်းသာစွာနေနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။


**ကိုးကား**

- **ဥဘတောဘဋ္ဌဇာတ် (စာ-၅၇၈)၊ငါးရာငါးဆယ်ဇာတ်ဝတ္ထု (ပထမတွဲ)၊**
- **ညောင်ကန်ဆရာတော်ဘုရားကြီး၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံနေကြာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၃၀ ဒသမ ၀၇ တင်းထွက်ရှိ



**မင်းကင်း ဧပြီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၀ ဒသမ ၀၇ တင်း ထွက်ရှိကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၆၃၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာခင်းများကို ယခုနှစ် ဇန်နဝါရီလ တတိယပတ်မှ စတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၃၀ ဒသမ ၀၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၆၃၃၇ ဧကစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုကကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဆီထွက်သီးနှံနေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်း ကဆက်လက် ပြောပြ၍ သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ရွာကိုင်းကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဧပြီ ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာကိုင်းကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမ အကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားမိသားစု ဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရွာကိုင်းကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ ရွာကိုင်းကောင်းကျေးရွာ၌ နဝမ အကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ရှစ် ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၈၀ ထုတ်ချေးပေးခဲ့ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းထံမှ သိရသည်။ **ကိုသက်**












## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျမ မဝတ်ရည်မွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလန(နိုင်)၀၄၀၅၄၂)နှင့် မောင်ကျော်ဇင်သန့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ယမပ(နိုင်)၀၆၃၇၇၄)တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၀-၃-၂၀၂၅ ရက်နေ့တွင် တရားလွှတ်တော်ရှေ့နေ၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျမနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

မဝတ်ရည်မွေး
၅/ကလန(နိုင်)၀၄၀၅၄၂

### ပျောက်ဆုံးကြောင်း

အမှတ်(၁၂၆၇)၊ ထူပါရုံ (၅)လမ်းရှေ့ (၁)ထူပါရုံရပ်ကွက်၊ သာကေတနေ (ဘ) ဦးစိန်ဟန်၏သားဖြစ်သူ မောင်စိန်ဦး(၁၂/သတက(နိုင်)၁၃၇၆၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-024982)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၀၇၀၀၃၁

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၄ x ၆၅ လမ်းကြား၊ ၄၃ လမ်းနေ မယုသက်မွန် (ဘ) ဦးကျော်စိုး(၇/ပမန(နိုင်)၁၆၄၇၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၂၂၈၄၅

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သ-၁၅/၃၀-(ခ)ရပ်ကွက်နေ မောင်ကောင်းလှိုင် (ဘ) ဦးခမ်းလှိုင်(၁၃/တကန(နိုင်)၁၉၆၂၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-208349)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၂၁၁၁၂၇၁

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။






နိုင်ငံတစ်ဝန်း

စိမ်းလန်းဖို့

သစ်ပင်

စိုက်ပျိုး

ထိန်းသိမ်းစို့။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာလည်းဖတ်သည့် သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...**

❖ **လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...**

❖ **စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဧပြီ ၂၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်ဆုတောင်းပြည့်စေတီတော်တွင် ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ထူးခြားသည့် နေ့အပူချိန်များ

(၂၃-၄-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၄၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၄၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၄၂ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

---

**တန်ခူး=တာကူး**

ဆောင်းပါး စာမျက်နှာ- ၂၆

**လူမှုမီဒီယာနှင့် စိုက်ပျိုးပညာပေးလုပ်ငန်း**

ဆောင်းပါး စာမျက်နှာ- ၁၀